မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၅)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်း ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်အထက်လွှတ်တော်အမတ် Mr.John Sidney McCain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန်အထက်လွှတ်တော်အမတ် Mr. John Sidney McCain ဦးဆောင်သော အထက်လွှတ်တော်အမတ်များဖြစ်ကြသည့် Mr. Joseph Isadore Lieberman၊ Mr. Sheldon Whitehouse၊ Mrs. Kelly Ann Ayotte တို့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင် ဓာတ်ပုံ

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အမေရိကန်အထက်လွှတ်တော် အမတ် Mr. John Sidney McCain ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်)

ချွေတာခြင်း၊ စုဆောင်းခြင်း၊ ကြွယ်ဝခြင်း

"ချွေတာစုဆောင်း သူဌေးလောင်း"ဟူသော စကားသည်လည်းကောင်း၊ "စုပါများ တောင်ပို့ဖြစ်" ဆိုသည့်စကားသည်လည်းကောင်း၊ "တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့" ဆိုသည့် စကားသည်လည်းကောင်း ချွေတာစုဆောင်းလျှင် မကြာမီ ကြီးပွားချမ်းသာလာနိုင်ကြောင်းကို ညွှန်းဆိုထားခြင်းပင်ဖြစ်၏။

မှန်၏။ ခေါင်းတစ်ရာသားကိုစားပါ၊ အိမ်နောက်ဖေးဈေးဆိုင်တည်၊ တစ်နေ့ ပုဆိုးသုံးခါလှည့်ဝတ် ဆိုသည့်စကားများသည် ကျောင်းသင်ခန်းစာ စာအုပ်များတွင် မေ့ချန်ထားခဲ့ရမည့် စကားများမဟုတ်။ ဘဝတစ်သက်တာလုံး လိုက်နာကျင့်သုံးအပ်သည့် ကြီးပွားရေးလမ်းညွှန်များပင် ဖြစ်၏။

ဈေးနှုန်းချိုသာသည့် သားလေး ငါးလေးများကို ဝယ်ယူစားသုံးခြင်းဖြင့် ချွေတာစုဆောင်းရာရောက်၏။ ဆီဦးထောပတ်စားမှ အာဂပါးစပ် လူဖြစ်ကျိုးနပ်ပြီဟု မဆိုနိုင်။ ငါးပိရည်တစ်ခွက် ထမင်းကြမ်းတစ်ပန်းကန်နှင့် ပြီးတန်သာပြီးရ၏။ ချွေတာစုဆောင်းသူများအတွက် ဝမ်းဝရေးသည် အဓိကဖြစ်၏။ အရသာရှိရှိ စားသောက်ခြင်းသည် အဓိကမဟုတ် အကုန်အကျနည်းနည်းနှင့် အိမ်တွင်စားနိုင်သည့် အာဟာရဖြစ်သော အစားအစာများ ရွေးချယ်စားသုံးနိုင်ခြင်းသည် အဓိကကျသည်။ ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် သွားရောက်စားသောက်မှသာ တစ်ဝမ်းတစ်ခါးပြည့်သည်မဟုတ်။ လူတိုင်းတွင် စားနိုင်လှ ဝမ်းတစ်ဖိုက်သာ ဖြစ်သည်။ အိမ်တွင် စားလည်း တစ်ဖိုက်တစ်ဝမ်း၊ ဟိုတယ်၌စားလည်း တစ်ဖိုက်တစ်ဝမ်းသာဖြစ်၏။ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်ကြီးများတွင် မိသားစုအလိုက်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းများစုဝေး၍ ဖြစ်စေ တစ်ခါတစ်ရံမဟုတ်ဘဲ မကြာခဏဆိုသလို သွားရောက်စားသောက်ခြင်းသည် ပျော်ရွှင်မှုကိုရရှိသည်ဟု အချို့က ဆိုကြသော်လည်း အမှန်မှာမူ မိမိအိမ်တွင် စုပေါင်းချက်ပြုတ် စားသောက်ခြင်းသာလျှင် ပျော်ရွှင်မှု၊ နွေးထွေးမှုကို ပို၍ရစေသည့်အပြင် အဆီအအိမ့်များကို ချင့်ချိန်ချက်ပြုတ် စားနိုင်သဖြင့် ကျန်းမာရေးနှင့် ပို၍ညီညွတ်သည်ဟု ဆိုချင်သည်။ ၄င်းထက်ပို၍ အဓိကကျ၊ အကျိုးများရသည့်အချက်မှာ အပိုမကုန်ခြင်း၊ ချွေတာနိုင်ခြင်းပင်ဖြစ်သည်။ ချွေတာခြင်းမှသည် စုဆောင်းနိုင်သည့် အကျိုးကိုရနိုင်ပြီး ထိုမှသည် ကြွယ်ဝမှုကိုရရှိနိုင်ကြောင်း သတိမူသင့်သည်။

ချမ်းသာကြီးပွားရန်မှာ နည်းလမ်းနှစ်သွယ်ရှိ၏။ ပထမနည်းလမ်းမှာ မိဘအမွေရလို့ဖြစ်စေ၊ ထီပေါက်၍ ဖြစ်စေ ချမ်းသာနိုင်သည်။ သို့သော် ထိုနည်းလမ်းမှာ ကံလမ်းဖြစ်၏။ ဒုတိယနည်းလမ်းမှာ ကံ၊ ဉာဏ်၊ ဝီရိယကိုအခြေခံပြီး အလုပ်ကိုကြိုးစားလုပ်ခြင်းဖြစ်၏။ အလုပ်လုပ်ပြီး သုံးဖြုန်းနေလျှင်လည်း မကြီးပွားနိုင်။ ချွေတာစုဆောင်းခြင်းဖြင့်သာ ချမ်းသာကြွယ်ဝနိုင်၏။

ထို့ကြောင့် ဂန္ထဝင်စာရေးဆရာကြီး ပီမိုးနင်းက "အထုပ်ကိုမြန်မြန်ထုပ်ကြ၊ မကြာမီ အထုပ်ကြီးဖြစ်လာမည်၊ အထုပ်ကြီးဖြစ်မလာခင် ထုတ်မပစ်ကြနှင့်"ဟု အသုံးအစွဲချွေတာရန် သတိပေးခဲ့သည်။ ယနေ့ ကမ္ဘာ့စီးပွားရေး စာမျက်နှာကိုကြည့်လျှင်လည်း ဆင်းရဲသောနိုင်ငံနှင့် ချမ်းသာသောနိုင်ငံများဟူ၍ ရှိကြ၏။ ချမ်းသာသောနိုင်ငံများကို အားကျအထင်ကြီးနေရုံနှင့်မပြီး၊ လူတစ်ဦးချင်း ချွေတာရေးစိတ်မွေးပြီး စုဆောင်းနိုင်မှ ချမ်းသာလာနိုင်မည်။ ထို့ကြောင့် တစ်ဦးချင်းပင်ဖြစ်စေ၊ မိသားစုတစ်စုမှာပင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံမှာပင်ဖြစ်စေ ခြိုးခြံချွေတာစုဆောင်းခြင်းသည် ကြွယ်ဝချမ်းသာခြင်း၏ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း....။ ။

မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး ပိုစတာပြပွဲနှင့် ဟောပြောပွဲ မြစ်ကြီးနား၌ ကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၂

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူနှင့် ဖြန့်ဖြူးရောင်းချခြင်းများ ပပျောက်ရေးလုပ်ငန်းကို မြစ်ကြီးနား မူးယစ် (အထူး) အဖွဲ့မှ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီက မိုးညှင်းမြို့ရှိ မိုးညှင်း ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ မူးယစ်ဆေးဝါးသုံးစွဲမှု အသိပညာပေး ပိုစတာပြပွဲနှင့် ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပိုစတာပြပွဲကို မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ မိုးညှင်း ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာတင်ရွှေ ပြပွဲဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဝင်းမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီးက မူးယစ်ဆေးဝါးသုံးစွဲမှု အသိပညာပေးပိုစတာ ပြပွဲဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းကာ မြစ်ကြီးနား မူးယစ် (အထူး) အဖွဲ့၊ မိုးညှင်း လှုပ်ရှား (ဆွယ်)မှ ရဲအုပ်ခင်မောင်ရီက မူးယစ်ဆေးဝါးများ မြန်မာနိုင်ငံအတွင်း ရောက်ရှိခဲ့ပုံ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ဆိုးကျိုးရလဒ်များ၊ ၂၀၁၁ ခုနှစ် မြစ်ကြီးနား မူးယစ် (အထူး) အဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့မှုများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက မူးယစ်ဆေးဝါးအသိပညာပေး ပိုစတာပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တပ်ကုန်းမြို့၌ ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၂၂

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ဝါသနာရှင်များအဖွဲ့နှင့် မြို့နယ်ခြင်းလုံး ဆပ်ကော်မတီတို့ဦးဆောင်လျက် နှစ်စဉ်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ ယခုနှစ်တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဇန်နဝါရီ ၈ ရက် ညနေ ၃ နာရီက ဘုရင့်နောင်ရပ်ကွက် ဦးဇော်ရဲဦး၏ ခြံအတွင်း၌ကျင်းပရာ ရွှေအိုးစည်အသင်း၊ ရွှေရေအေးအသင်း၊ ကောင်းဝေအသင်းနှင့်ရွှေပျံလွှားအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

အဆိုပါပြိုင်ပွဲ၌ ကောင်းဝေအသင်းက ပထမ၊ ရွှေပျံလွှားအသင်းက ဒုတိယ ရရှိပြီး ဆုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။ အကောင်းဆုံးဘက်စုံအားကစားသမားဆုကို ရွှေရေအေးအသင်းမှ ကိုသိန်းဝင်းကရရှိပြီး မြို့နယ်ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းလတ်က ဆုချီးမြှင့်ခဲ့ကြောင်းသိရှိရသည်။ **(၁၆၂)**

အမကကျောင်းဆောက်လုပ်ရန် ပြင်စလူ၌ပန္နက်တင်

ပြင်စလူ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ကုန်းကြီးကျေးရွာအုပ်စု အဝကားကျေးရွာ၌ တွဲ(အမက) ကျောင်း အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ ကျောင်းမြေနေရာ၌ ကျင်းပရာ ဗဟိုချက် မင်္ဂလာပန္နက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က ပန္နက်တင်ပေးပြီး နဒီသန္တာရုံကျောင်း ဆရာတော်က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ ကျောင်းကို အလျား ၄၅ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၅ ပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်း တစ်ထပ် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

မန္တလေး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက မန္တလေး မဟာအောင်မြေမြို့နယ် ၈၄ လမ်း၊ ၃၉ လမ်းနှင့် ၃၈ လမ်းကြားရှိ ကောင်းဇော်ဟိန်း စက်သုံးဆီအရောင်းဆိုင်၌ ကျင်းပရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်တိုး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးမြကြိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်တို့က ဆိုင်အတွင်းရှိ ဆီလှောင်ကန်များ ထားရှိမှုအခြေအနေ၊ မီးသတ်ဆေးဘူးများ၊ သဲပုံး၊ ရေပုံးများ ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင် မီးသတ်ဦးစီးမှူး ဦးမြကြိုင်က ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးကို ပညာပေးဆွေးနွေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ထန်းတပင်မြို့နယ်၌ ချေးငွေများထုတ်ချေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဇန်နဝါရီ ၂၀ ရက်က ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသေးစား ပုဂ္ဂလိက ငွေစုငွေချေး အသင်း ရင်းနှီးမတည်ငွေများထုတ်ချေးပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဒေါ်စန်းစန်းနွယ်က ကျေးရွာ အသေးစားပုဂ္ဂလိကငွေချေးအသင်းအား ချေးငွေများထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်နှင့် အသင်းတိုးတက်စေရန် လိုအပ်သည်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီးနောက် လမုတန်းကြီးကျေးရွာ ရွှေပြည်သစ်ငွေစုငွေချေးအသင်းအတွက် ချေးငွေကျပ်သိန်း ၆၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးထံသို့ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** ထန်းတပင်မြို့နယ်အတွင်း ထုတ်ချေးငွေပေါင်းမှာ ကျပ်သိန်း ၂၅၆၀ ရှိကြောင်း သိရှိရသည်။ **(၀၄၈)**

ယဉ်ကျေးမှု (နည်းပြ) သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု (နည်းပြ) (စနေ၊ တနင်္ဂနွေ) သင်တန်းကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၄) ရပ်ကွက် ဗန္ဓုလလမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ရွှေဝါဝင်းကျောင်းတိုက်၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ရာ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့မှ ဆရာ ဆရာမကြီးများက ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတွင် လိုအပ်သော စာရွက်စာတမ်းများနှင့် နေ့လယ်စာကိုပါ ဓမ္မဒါန လှူဒါန်းမည်ဖြစ်ကြောင်း၊ သင်တန်းသို့ လက်ရှိ သင်ကြားမှုလုပ်ငန်းကို ဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ ယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ပြန်လည်သင်ကြားလိုသူများ တက်ရောက်နိုင်ကြောင်းနှင့် စိတ်ပါဝင်စားသူများသည် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း ဖုန်း- ၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄ သို့ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သဃ်ာန်းကျွန်းမြို့နယ် အလက(၁) ကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအောင်က သူငယ်တန်းမှ ထူးချွန်ဆုရ မနှင်းဝတ်ရည်ကျော်အား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ပညာရေးစုံညီပွဲတော် သူဌေးကုန်း အမက၌ကျင်းပ

ရေစကြို ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သူဌေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၂ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၄ ရက် ညနေက အဆိုပါကျောင်း၌ ကျင်းပသည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများနှင့် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပညာရေးစုံညီပွဲတော်တွင်မူလတန်းကျောင်းအလှူရှင် ဦးသန့်စင်- ဒေါ်အေးအေး(အောင်မော်တော်ယာဉ်ထုတ်လုပ်ရေး မန္တလေးမြို့)က ပညာရေး ငွေပဒေသာပင် အပါအဝင် ပညာရည်ချွန်ဆုရကျောင်းသားကျောင်းသူ ၂၈ ဦးတို့အတွက် ချီးမြှင့်မှုတန်ဖိုးမှာ ငွေကျပ် ငါးသိန်းဖြစ်ကြောင်း သိရှိရသည်။

ထွန်းထွန်းလှိုင်(ဖေထွေးဇော်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

ခေတ်မီ တန် ၄၀၀ကျ အဆင့်မြင့်ဆန်စက်ကြီးအား ရင်းနှီးမြှုပ်နှံတည်ဆောက် တောင်သူလယ်သမားများ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်အတူ ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ ကျင်းပသည့် ဆည်မြောင်းဝန်ထမ်းဟောင်းများ၏ အသင်းပိုင်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားနှင့် (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသက်(၇၅)နှစ်အထက် ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် ငွေကျပ် ၁၀သိန်း ပေးအပ်ပြီး စေတနာရှင်အသီးသီးက ငွေပဒေသာပင်များစိုက်ထူ လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် အသင်းအမှုဆောင်များက လက်ခံကြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အသင်း၏ လူမှုရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် အသင်းပိုင်အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် လှိုင်သာယာမြို့နယ်စက်မှုဇုန်ရှိ ဧရာဟသ်ာ ကုမ္ပဏီ၏တစ်နေ့တန်၄၀၀ကျ အဆင့်မြင့် ခေတ်မီ Satake ဆန်စက်သို့ ရောက်ရှိကြပြီး စက်ရုံအတွင်း၌ နိုင်ငံခြားသို့ တင်ပို့ရန် ဝယ်ယူကြိတ်ခွဲထားရှိသော ဆန်များ သိုလှောင်ထားရှိမှုနှင့် စက်ရုံ၏လည်ပတ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ခေတ်မီတန် ၄၀၀ကျ အဆင့်မြင့် ဆန်စက်ကြီးအား ရင်းနှီးမြှုပ်နှံ တည်ဆောက်နိုင်ခြင်းအပေါ် နိုင်ငံတော်၏လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများအတွက် အခြေခံအုတ်မြစ်တည်ဆောက်ထားနိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် အရည်အသွေးကောင်း ဆန်များ ထုတ်လုပ်နိုင်ရေး ယခုကဲ့သို့ အဆင့်မြင့်ခေတ်မီဆန်စက်ရုံများ ပေါ်ထွက်လာခြင်းအားဖြင့် နိုင်ငံတော်၏ ဆန်စပါးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သည့်အပြင် အခြေခံတောင်သူလယ်သမားများ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်လိုမှုကို အားပေးအထောက်အကူဖြစ်စေမည် ဖြစ်သည့်အတွက် ဈေးကွက်ဝင်မည့်စပါးများကို တောင်သူများ တိုးချဲ့စိုက်ပျိုးလာစေရေး အခြေခံ၍ ရင်းနှီးမြှုပ်နှံသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ဆန်စက်သည် ဂျပန်နိုင်ငံမှ Satake ခေတ်မီဆန်စက် အမျိုးအစားဖြစ်ပြီး အဆင့်မြင့်ဆန်အရည်အသွေးကောင်းစပါးတင်း ၁၀၀ ကြိတ်ခွဲတင်း ၆၀ နှင့်အထက် အရည်အသွေးကောင်း ဆန်ထုတ်လုပ်နိုင်၍ တစ်နေ့တန် ၄၀၀ ကျ ဆန်စက်ကြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တိုက်ကြီးမြို့နယ် ကျိုက်စစ်ကိုင်းကျေးရွာအနီးရှိ ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး ပါဝင်စိုက်ပျိုးကြသော တောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ ပုလဲသွယ်ဆန်များ၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များနှင့် အာမိုဓာတ်မြေသြဇာများကို ပေးအပ်ပြီး စိုက်ကွင်းအတွင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ညနေ ၄ နာရီတွင် မှော်ဘီမြို့နယ် ဆန်စပါးအထူးပြု သုတေသနသင်တန်းကျောင်း၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ စိုက်ခင်းအတွင်း ကောက်စိုက်လုံမေများ စနစ်တကျ စိုက်ပျိုးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ ဧရာဟသ်ာကုမ္ပဏီ၏ တစ်နေ့တန် (၄၀၀)ကျ အဆင့်မြင့်ခေတ်မီ Satake ဆန်စက်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်က ၈/ခ ရပ်ကွက် လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများ၊ ညွှန်ကြားချက်များနှင့်အညီ မီးသုံးစွဲခြင်းရှိ၊ မရှိ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဉာဏ်ထွန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အေးနှင့် အဖွဲ့ဝင်များ၊ ဒုရဲအုပ်ဝင်းထွန်းနှင့်ရဲတပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးပညာပေးဆွေးနွေးကြစဉ်။ (၀၂၅)

မြန်မာနိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၅၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ဒေသများတွင် ညအပူချိန်များဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကောင်းကျိုးချမ်းသာ တိုးပွားကြောင်း** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၈)
- ၈:၄၅ ကောလင်းမြို့ (အထက)ကျောင်း ကျောင်းသား ကျောင်းသူ ဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၉:၀၅ မျှဝေပေးမည် ယူလိုက်စေချင်သည် ဒါနပါရမီ
- ၉:၂၀ အထက (၁၀)တာမွေ မြတ်ဆရာပူဇော်ပွဲ
- ၉:၃၅ စာအုပ်ပြခန်း (ဥပုသ်သည်နှင့် သိမှတ်ဖွယ်)
- ၉:၄၅ သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
- ၁၀:၀၅ မိတ္ထီလာ စက်မှုလက်မှုသိပ္ပံ မြတ်ဆရာပူဇော်ပွဲ
- ၁၀:၂၀ ဈေးဝယ်လမ်းညွှန် (ရွှေရည်လင်းလက် စိန်ရွှေရတနာဆိုင်)
- ၁၀:၄၅ Celebrity Choice (ဝါဆိုမိုးဦး)
- ၁၁:၁၅ ဈာန်ကြွနေသည့်အလား ရှင်တော်မြတ်အား ပူဇော်ပါ၏ဘုရား
- ၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ် -တောင်ဥက္ကလာပမြို့နယ် အလက(၆) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ
- ၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၃)
- ၁၂:၃၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (နာဂတောင်တန်းပွင့်တဲ့ပန်း)
- ၁:၀၀ **ကောင်းကျိုးချမ်းသာ တိုးပွားကြောင်း** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Future Light Computer Center ဖွင့်ပွဲအခမ်းအနား
- ၂:၄၀ Hotel Mandalay မှ ပျော်ရွှင်ဖွယ်ရာ Emp ရဲ့ အောင်ပွဲည
- ၂:၅၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဧရာဝတီငါးသားဖောက်စခန်း)
- ၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၅)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၈)
- ၄:၅၅ နတ်လူအများ သာဓုခေါ်စေရာ… မုံရွာမြို့မှ အောင်ဆုမွန်အလှူတော်မင်္ဂလာ
- ၅:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၃)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ Sunday Talk (ရဲမှူး ထွန်းထွန်းဝေ၊ မျိုးမြတ်သူ)
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၆)
- ၇:၃၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ဥရောပဂန္ထဝင်တေးသွား ဂီတမိတ်ဆက်ပွဲ (အပိုင်း-၁)
- ၈:၅၀ အနုပညာမိုးကောင်းကင်
- ၉:၂၀ The Shop Around The Corner (Part-6)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၄၉)
- ၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၄)
- ၁၁:၁၀ International Show Biz
- ၁၁:၂၅ အမျိုးသားများနှင့် ပတ်သက်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၁၁:၄၅ **ဘဝများ** (ခင်စန်းဝင်း)
- ၁၂:၀၅ စိုက်ပျိုးအောင်မြင်… စပ်ခရမ်းချဉ်
- ၁၂:၂၀ နယ်ဥ်ဆန်းထွင် ပန်းအလှဆင် (L ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း၊ T ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
- ၁၂:၄၅ **မေတ္တာရောင်ပြန်** ဇေယျာ၊ ဦးဝင်းမြင့်၊ စိုးမိုးကြည်၊ [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
- ၁:၀၀ ပုညရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
- ၁:၃၀ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
- ၁:၄၀ လောင်မြိုက်ခြင်း၏ ကမ်းတစ်ဖက်
- ၂:၁၅ Box Office Movies (Avator)
- ၂:၃၅ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
- ၄:၂၀ အလှဆင်ပူဇော် ဘုရားမီး ရောင်ခြည်တော်
- ၄:၄၅ ယဉ်ကျေးလိမ္မာ တတ်သိစေတာ အောင်ပရဟိတမှာ
- ၅:၀၀ အစီအစဉ်ပြီး၏။

စံပြမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး သီရိရတနာခန်းမ၌ကျင်းပရာ စံပြမိခင်ဆုရသူအား ခရိုင်မိခင်နှင့်ကလေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း ဆုချီးမြှင့်ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

သမိုင်း ၄ လမ်း အမှတ်(၇၀၇) နေ ဦးကျော်ဖေ-ဒေါ်ရွှေဥတို့အားရည်စူး၍ သမီး ဒေါ်ဝင်းဝင်းမေက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖော်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဇုဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖော်ဒေးရှင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ဇော်လမြိုင်တက္ကသိုလ်၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုဦးစီးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်ပြည်နယ်ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက မော်လမြိုင်တက္ကသိုလ် ပင်မဆောင် အခန်းအမှတ် (၁၅)၌ ကျင်းပရာ ရှေးဦးစွာ "ရေမြင့်. . . ကြာတင့်" ပညာပေးဇာတ်လမ်းခွေပြသပြီး ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှု(၃)နှစ် နှိုင်းယှဉ်ချက်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ရဲအုပ်နိုင်မင်းက ဆိုင်ကယ်စီးသူများ လိုက်နာရန် စည်းကမ်းများ၊ ဒုတိယရဲအုပ်အောင်နိုင်က ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းနှင့် တပ်ကြပ်ကြီး တင်လတ်က လမ်းဆုံ/လမ်းခွများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် လက်အချက်ပြစနစ်များကို ရှင်းလင်းပြောကြားကြ၍ ယာဉ်ထိန်း(တာဝန်ခံ) ဒုတိယရဲမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ပေးအပ်ရာ မော်လမြိုင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်က လက်ခံသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဌေးအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ကျောင်းဝင်းအတွင်းပြသထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး မှတ်တမ်းဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဲဘတ်စ်အေ ၃၈၀ လေယာဉ်တောင်ပံများပေါ်၌ အက်ကွဲရာများတွေ့ရှိသဖြင့် စစ်ဆေးမှုများပြုလုပ်

စင်ကာပူ ဇန်နဝါရီ ၂၂

စင်ကာပူအဲလိုင်းတွင် ပျံသန်းပြေးဆွဲနေသော အဲဘတ်စ်အေ ၃၈၀ အမျိုးအစား ခရီးသည်တင်လေယာဉ် ၁၅ စင်းတို့၏ တောင်ပံများပေါ်တွင် အက်ကွဲရာများတွေ့ရှိမှုကြောင့် အဆိုပါလေယာဉ်များကို စစ်ဆေးမှုများစတင်ပြုလုပ်နေကြောင်း စင်ကာပူအဲလိုင်းမှ အရာရှိများက ဇန်နဝါရီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့စစ်ဆေးရာတွင် ဥရောပလေကြောင်းလုံခြုံရေးအေဂျင်စီ၏ စစ်ဆေးရေးအဖွဲ့က လာမည့်လေးရက်အတွင်း အဲဘတ်စ်အေ ၃၈၀ လေယာဉ်ခြောက်စင်းကို အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ သီတင်းခြောက်ပတ်အတွင်း လေယာဉ်စစ်ဆေးမှု အပြီးပြုလုပ်သွားရန် စီစဉ်ထားသည်။

ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုအပြည့်အဝရရှိစေရေးအတွက် စစ်ဆေးမှုများပြုလုပ်ခြင်းဖြစ်ကြောင်း၊ လေယာဉ်အတွင်းပိုင်းနှင့် အင်ဂျင်များအားလုံးကိုလည်း စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းလေကြောင်းလိုင်းမှ အရာရှိများက ပြောကြားသည်။

ဥရောပနိုင်ငံများတွင် ပျံသန်းနေသော စူပါဂျမ်ဘိုအေ ၃၈၀ လေယာဉ်အချို့၏ တောင်ပံများပေါ်တွင်လည်း အက်ကွဲကြောင်းများ တွေ့ရှိခဲ့ရသဖြင့် ဥရောပလေကြောင်းလုံခြုံရေးအေဂျင်စီမှ တာဝန်ရှိသူများက စစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။ **(အင်တာနက်)**

တောင်ဆူဒန်ပြည်သူ ၁၂၀၀၀၀ ကျော်အတွက် အရေးပေါ်အကူအညီများလိုအပ်

ဂျူဘာ ဇန်နဝါရီ ၂၂

တောင်ဆူဒန်နိုင်ငံ အရှေ့ပိုင်း ဂျွန်ဂဲပြည်နယ်အတွင်း လူမျိုးရေးပဋိပက္ခ ဖြစ်ပွားလာပြန်သဖြင့် ပြည်သူ ၁၂၀၀၀၀ ကျော်တို့အတွက် အရေးပေါ်အကူအညီများလိုအပ်မည်ဖြစ်ကြောင်း တောင်ဆူဒန်ဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူး လစ်ဂရန်ဒီက ပြောကြားလိုက်သည်။

ဂျွန်ဂဲပြည်နယ်အတွင်း အကြမ်းဖက်မှုမှာ လျော့နည်းမသွားသေးကြောင်း တောင်ဆူဒန်နိုင်ငံ မြို့တော်ဂျူဘာ၌ လစ်ဂရန်ဒီက ဇန်နဝါရီ ၂၀ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကပင် ပြည်သူ ၆၀၀၀၀ ကျော်တို့အတွက် အရေးပေါ်ကူညီရေးလုပ်ငန်းများကို မိမိတို့ စတင်ခဲ့သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒုက္ခရောက်ကြသည့် ပြည်သူအရေအတွက် နှစ်ဆတိုးလာသည်ဟု မိမိတို့ခန့်မှန်းကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့စခန်းများ ဘိုကိုဟာရတ်အုပ်စု ဗုံးခွဲတိုက်ခိုက်

အဘူဂျာ ဇန်နဝါရီ ၂၂

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာနိုမြို့ရှိ ရဲတပ်ဖွဲ့စခန်းများနှင့် လူဝင်မှု ကြီးကြပ်ရေးရုံးများကို ပစ်မှတ်ထားပြီး ဘိုကိုဟာရတ် အစွန်းရောက်အုပ်စုက ဗုံးခွဲတိုက်ခိုက်သဖြင့် အသေအပျောက် များ ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အမိန့်ထုတ်ပြန်

ဘိုကိုဟာရတ်အုပ်စုက အဆိုပါ ပစ်မှတ်များကို ဇန်နဝါရီ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ဗုံးခွဲတိုက်ခိုက်မှုများအပြီးတွင် ကာနိုမြို့၌ ၂၄နာရီ အိမ်ပြင်မထွက်ရ အမိန့်ထုတ်ပြန်လိုက်ကြောင်းသိရသည်။ **(ဝဲပုံ)**

ဗုံးခွဲတိုက်ခိုက်

ကာနိုမြို့တွင်း သုံးလေးနေရာတွင် သေနတ်သံများလည်းကြားရသည်ဟု ဒေသခံများကပြောကြားခဲ့သည်။ သေဆုံးသူမည်မျှရှိသည်ကိုမူ ယခုအထိ အတိအကျမသိရသေးပေ။ ပြည်နယ်ရဲဌာန အပါအဝင် ရဲတပ်ဖွဲ့စခန်းရှစ်ခုနှင့်လူဝင်မှု ကြီးကြပ်ရေးရုံးများကို ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများကပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း | မိုးမြင့်လင်းလက် – စုစည်းသည်

အမေရိကန်က ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်

ကိတ်ကာနေဗယ် ဇန်နဝါရီ ၂၂

အရှေ့အလယ်ပိုင်းဒေသနှင့် အရှေ့တောင်အာရှဒေသတို့တွင် သတင်းအချက်အလက်များ ပိုမိုလျင်မြန်စွာ ဆက်သွယ်နိုင်ရေးအတွက် အမေရိကန်လေတပ်မှ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဇန်နဝါရီ ၂၁ရက်က လွှတ်တင်လိုက်ကြောင်းအမေရိကန်လေတပ်အရာရှိများက ဇန်နဝါရီ၂၂ရက်၌ ပြောကြားသည်။

ဒဗလျူဂျီအက်စ်-၄ဟု အမည်ပေးထားသည့် ၎င်းဂြိုဟ်တုကို ကိတ်ကာနေဗယ် လေတပ်အခြေစိုက်စခန်း ဒုံးပျံလွှတ်တင်ရေးစင်မှ ဇန်နဝါရီ ၂၁ ရက် ဒေသစံတော်ချိန် ည ၇ နာရီ ၃၈ မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုကို ဒေလ်တာ-၄ ဒုံးပျံဖြင့် အာကာသသို့ သယ်ဆောင်သွားသည်။ **(ဝဲပုံ)**

ယခုဂြိုဟ်တုလွှတ်တင်ခြင်းသည် အမေရိကန်လေတပ်အတွက် ၂၀၀၇ ခုနှစ်မှစတင်ကာ လေးကြိမ်မြောက်ဂြိုဟ်တု လွှတ်တင်ခြင်းလည်းဖြစ်သည်။ ထို့အပြင် လာမည့်နှစ်တွင် နောက်ထပ်ဂြိုဟ်တုတစ်လုံးလွှတ်တင်နိုင်ရန်လည်း စီစဉ်လျက်ရှိသည်။

ယခုလွှတ်တင်လိုက်သည့် ဂြိုဟ်တုသည် ယခင်လွှတ်တင်ထားသော ဂြိုဟ်တုများထက် သတင်းဆက်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ၁၀ဆခန့် ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်ကမ်းလွန်၌ လှိုင်းရိုက်ခတ်မှုကြောင့် ကုန်တင်သင်္ဘောတိမ်းစောင်းမှု ဖြစ်ပွား

မနီလာ ဇန်နဝါရီ ၂၂

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကမ်းလွန်တွင် ဘိလပ်မြေအိတ်များ တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်း ဇန်နဝါရီ ၂၂ရက် နံနက်က တိမ်းစောင်းမှုဖြစ်ခဲ့ရာ သင်္ဘောသား ၁၈ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက သတင်းထုတ်ပြန်သည်။

အဆိုပါသင်္ဘောသည် ဘိလပ်မြေအိတ် ၄၇၀၀၀ကို တင်ဆောင်မောင်းနှင်လာစဉ် လေပြင်းများတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများဖြစ်ပေါ် ရိုက်ခတ်မှုခံခဲ့ရပြီး သင်္ဘောကိုယ်ထည်တွင်အပေါက်ဖြစ်ကာ ရေများဝင်ခဲ့မှုကြောင့် သင်္ဘောတိမ်းစောင်းမှုဖြစ်ခဲ့ရသည်ဟု ၎င်းတို့က ပြောကြားသည်။

ဆီးဖို့ဒ်-၂ဟု အမည်ပေးထားသော ယင်းကုန်တင်သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ အီလီဂန်မြို့ဆိပ်ကမ်းမှ ထွက်ခွာပြီး ဖိလစ်ပိုင်နိုင်ငံ အန်တီကွီပြည်နယ် ကူလာစီမြို့ဆိပ်ကမ်းသို့ ခုတ်မောင်းလာစဉ် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ သင်္ဘောတိမ်းစောင်းမှုကြောင့် ၎င်းသင်္ဘောမှလောင်စာဆီ လီတာ ၇၀၀၀ခန့် ရေပြင်သို့ယိုဖိတ်မှုမဖြစ်ပေါ်စေရန် ကမ်းခြေတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

အင်ဒိုနီးရှား၌ မာလူကူပြည်နယ်၌ စပိဘုတ်နစ်မြုပ် ကိုးဦးပျောက်ဆုံး

ဂျကာတာ ဇန်နဝါရီ ၂၂

အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ် ကမ်းလွန်ရေပြင်တွင် ဇန်နဝါရီ ၂၁ ရက်က ခရီးသည်တင်စပိဘုတ်တစ်စင်းနစ်မြုပ်မှုကြောင့် ကိုးဦးပျောက်ဆုံးကာ နှစ်ဦးကယ်ဆယ်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ဇန်နဝါရီ ၂၂ ရက်၌ ပြောကြားသည်။

အဆိုပါစပိဘုတ်ပေါ်တွင် စုစုပေါင်း ၁၁ ဦး လိုက်ပါလာပြီး ရှစ်ဦးမှာခရီးသည်များဖြစ်ကာ သုံးဦးမှာ စပိဘုတ်ဝန်ထမ်းများဖြစ်ကြသည်။ ပျောက်ဆုံးနေသူများကို ရှာဖွေမှုများပြုလုပ်လျက်ရှိသည်။

အီနာရီဆာဟု အမည်ပေးထားသော အဆိုပါခရီးသည်တင်စပိဘုတ်သည် ပမ်ဘိုကျွန်းအနီးရေပြင်အရောက်တွင် လေပြင်းများတိုက်ခတ်ခံရမှုကြောင့်တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မာလူကူပြည်နယ် ရေကြောင်းကယ်ဆယ်ရေးယာဉ်များဖြင့် လိုက်လံရှာဖွေလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ ၂၂-၁-၂၀၁၂

>> တင်မောင်လွင် – ရေးသားသည် <<

ဘိုလီးဗီးယား၊ ဘရာဇီးနှင့် အမေရိကန်သုံးနိုင်ငံ ကိုကင်းစိုက်ပျိုးမှုထိန်းချုပ်ရေး သဘောတူစာချုပ်

ဘိုလီးဗီးယား၊ ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့သည် ဘိုလီးဗီးယားနိုင်ငံတွင် ကိုကင်းများ စိုက်ပျိုးမှုလျှော့ချရန်နှင့် ထိန်းချုပ်ရန်အတွက် ဇန်နဝါရီ ၂၀ ရက်က သုံးပွင့်ဆိုင် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြောင်း အစိုးရသတင်းဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ သဘောတူညီချက်အရ သုံးနိုင်ငံခြားနည်းပညာဆိုင်ရာများနှင့် သိပ္ပံဆိုင်ရာများထောက်ပံ့ပို့ဆောင်ပေးမှုကို ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းအကူအညီပေးသွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းသည် ကိုကင်းအပင်များစိုက်ပျိုးသည့် နယ်မြေဒေသများကို သတင်းအချက်အလက် မှန်မှန်ဖော်ထုတ်နိုင်ရေးနှင့် ၎င်းကိုကင်းအပင်များကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းပစ်ရန် ပြုလုပ်ရမည့်စနစ် ဖြစ်ကြောင်း အဆိုပါ သတင်းဌာနမှ တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အဆိုပါ သဘောတူညီချက်သည် သုံးနိုင်ငံက မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို ဆန့်ကျင်တိုက်ခိုက်သွားရန် ဝိုင်းဝန်းလုပ်ဆောင်သည့် နည်းလမ်းတစ်ခုဖြစ်သည်ကို ပြသခြင်းဖြစ်ကြောင်း ဘိုလီးဗီးယားအစိုးရအဖွဲ့ ဝန်ကြီး ဝီလ်ဖရီဒိုချာဗတ်ကပြောကြားသည်။ ယင်းသဘောတူညီချက်ကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် ဝါရှင်တန်ကဘိုလီးဗီးယားအား အသေးစိတ်တိုင်းတာနိုင်သည့် အဆင့်မြင့် ပစ္စည်းကိရိယာ ထောက်ပံ့ပေးမည်ဖြစ်ပြီး လုပ်ငန်းတွင်လက်တွေ့တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား လေ့ကျင့်မှုများပြုလုပ်ပေးမည်ဖြစ်သည်။ ဘရာဇီးကလည်း ဂြိုဟ်တုမှရရှိသည့် ပုံရိပ်များနှင့် နည်းပညာဆိုင်ရာများ ပါဝင်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

မက္ကဆီကို ကမ်းခြေတွင် အင်အားပြင်းငလျင်လှုပ်

မက္ကဆီကို ပစိဖိတ်ကမ်းခြေဒေသတွင် ဇန်နဝါရီ ၂၁ရက်ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၄၇မိနစ်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ဇန်နဝါရီ ၂၂ရက်တွင် ထုတ်ပြန်ကြေညာသည်။ ယင်းငလျင်သည် မက္ကဆီကိုတောင်ပိုင်းနှင့် ဂွမ်တာမာလာမြို့အဆက်အစပ်အထိ လှုပ်ခတ်သွားခဲ့သည်။ အဆိုပါငလျင်သည် မက္ကဆီကို စီးတီးမှ ကီလိုမီတာ၈၀၀အကွာရှိသောနေရာတွင် ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ ထိခိုက်ပျက်စီးမှု သတင်းချက်ချင်းမရရှိသေးကြောင်း ထုတ်ပြန်ချက်တွင်ထပ်မံဖော်ပြသည်။

အိန္ဒိယတွင် ဗုံးခွဲတိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံး

အိန္ဒိယနိုင်ငံအလယ်ပိုင်း ဂျာခန်းပြည်နယ်တွင် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက အကြမ်းဖက်သမားများ မြေမြှုပ်ဗုံးတစ်လုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်၁၃ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုသည် ဂျာခန်းပြည်နယ် ဂါဝပ်ခရိုင်အတွင်းရှိ ချုံနွယ်များထူထပ်သည့် တောအုပ်တစ်ခုအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ မော်တော်ယာဉ်တစ်စီးသည် ကူးတို့ရေယာဉ်မှောက်ခဲ့သည့် နေရာသို့ စီးနင်းမောင်းနှင်လာစဉ် အကြမ်းဖက်သမားများက ချုံပုတ်များမှနေ၍ ပစ်ခတ်ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ၎င်းအဖွဲ့က လွတ်မြောက်ရန်ကြိုးစားခဲ့ကြောင်း အဆိုပါပြည်နယ်ရှိ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာကေမာလစ်ခ်က ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြေးအလွှားရောက်ရှိလာပြီး ယင်းအကြမ်းဖက်သမားများအား ရှာဖွေတွေ့ရှိ ဖမ်းဆီးနိုင်ခဲ့သည်။

ဆိုမာလီအလယ်ပိုင်း၌ နိုင်ငံခြားသားတစ်ဦးပြန်ပေးဆွဲခံရ

ဆိုမာလီနိုင်ငံ အလယ်ပိုင်းပြည်နယ်ရှိ ဂေါကာယိုမြို့တွင် လက်နက်ကိုင်များက နိုင်ငံခြားသားတစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးသွားခဲ့ကြောင်း ယင်းဒေသရှိ အရာရှိတစ်ဦးက ဇန်နဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

လက်နက်ကိုင်များက ကြီးမားသောလက်နက်ကြီးများကိုင်ဆောင်၍ နိုင်ငံခြားသား အမျိုးသားတစ်ဦးအား ဆိုမာလီနိုင်ငံအလယ်ပိုင်း ဂါမူဒတ်နှင့်ပန်တလန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်များအတွင်းရှိ ဂေါကာယိုမြို့ လေဆိပ်သို့ ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါ လက်နက်ကိုင်များက နိုင်ငံခြားသားအား ပြန်ပေးဆွဲရန်အတွက် ခေါ်ဆောင်သွားဟန်ရှိကြောင်း၊ လက်နက်ကိုင်အုပ်စုက ယာဉ်တစ်စီးကိုရပ်ခိုင်းပြီး အဝေးသို့မောင်းနှင်သွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ဒေသဆိုင်ရာအရာရှိတစ်ဦးက ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။

ပြန်ပေးဆွဲခံရသည့် နိုင်ငံခြားသားမှာ ဂျာမနီအင်ဂျင်နီယာ အလုပ်သမားတစ်ဦးဖြစ်သည်ဟု ဒေသဆိုင်ရာအစိုးရကပြောကြားပြီး အာဏာပိုင်များက ယင်းပြန်ပေးဆွဲမှုကို ပြစ်တင်ရှုတ်ချဝေဖန်ကာ အဆိုပါဖမ်းဆီးထားမှုမှ လွတ်မြောက်ရန်အတွက် သန္နိဋ္ဌာန်ချဆုံးဖြတ်ခဲ့ကြသည်။ *(အင်တာနက်)*

23-1 (04).pmd 1 1/23/2012, 1:50 AM

မောင်မောင်မြင့်ဆွေ - စုစည်းသည်

အီတလီစီးရီးအေပွဲစဉ်များ ယှဉ်ပြိုင် ဂျူဗင်းတပ်စ်နှင့်ရိုးမားတို့ နိုင်ပွဲကိုယ်စီရ

အတ္တလန္တာနှင့် ဂျူဗင်းတပ်စ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။

ရောမ ဇန်နဝါရီ ၂၂

အီတလီစီးရီးအေပွဲစဉ်များကို ဇန်နဝါရီ ၂၂ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အတ္တလန္တာနှင့် ဂျူဗင်းတပ်စ်တို့ပွဲတွင် ညွှဲ့သည့်ဂျူဗင်းတပ်စ်တို့က နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ရိုးမားနှင့်ဆီနာတို့ပွဲတွင် ရိုးမားတို့က အနိုင်ရရှိခဲ့သည်။

အမှတ်လိုအပ်နေသော ဂျူဗင်းတပ်စ်တို့အဝေးကွင်း၌ကစားရသဖြင့် ပထမပိုင်းပွဲချိန်အတွင်း အိမ်ရှင် အတ္တလန္တာတို့၏ ရဲရဲဝံ့ဝံ့တုံ့ပြန်ကစားမှုကြောင့် ဂိုးမသွင်းနိုင်ခဲ့ချေ။ အတ္တလန္တာတို့ကလည်း ဂျူဗင်းတပ်စ် နောက်တန်းကို ဖြတ်ကျော်နိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမသွင်းနိုင်ဖြစ်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၅၄မိနစ်အရောက်၌ဂျူဗင်းတပ်စ်မှ လက်စတိန်းနာက အဖွင့်ဂိုးသွင်းယူ ပေးနိုင်ခဲ့သည်။ အိမ်ရှင်အတ္တလန္တာတို့ ချေပဂိုးသွင်းယူနိုင်ရေးကြိုးစားသော်လည်း အရာမထင်ဖြစ်နေရာမှ ပွဲချိန် ၈၁မိနစ်၌ ဂျူဗင်းတပ်စ်မှ ဂိုင်ရာချီရီနီက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် ဂျူဗင်းတပ်စ်တို့နှစ်ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲချိန်ပြည့်သည့်အထိနှစ်သင်းစလုံးဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် ဂျူဗင်းတပ်စ်တို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အဖိုးတန်သုံးမှတ်ကိုပိုက်ကာ အိမ်ပြန်နိုင်ခဲ့ကြခြင်းဖြစ်သည်။

သုံးဂိုးပြတ်ဦးဆောင်

ထို့အတူ ရိုးမားနှင့်ဆီနာတို့ပွဲတွင် အိမ်ကွင်း၌ ရိုးမားတို့ခြေစွမ်းပြနိုင်ခဲ့ကြသည်။ ပွဲအစတစ်မိနစ်မှာပင် ရိုးမားမှ ဝါရင့်တိုက်စစ်မှူး တော့တီကအဖွင့်ဂိုးသွင်းယူပေးနိုင်သည့်အပြင် ပွဲချိန် ၈မိနစ်တွင်လည်း တော့တီ ကပင်တစ်ဂိုးထပ်မံသွင်းယူပေးနိုင်ခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၉မိနစ်၌ ဘိုရီနီကတစ်ဂိုးသွင်းခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း ရိုးမားတို့သုံးဂိုးပြတ်ဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၅၉မိနစ်၌ ဆီနာအသင်းအတွက်ချေပဂိုးတစ်ဂိုးကို အီဒါကသွင်းယူပေးခဲ့သည်။ သို့သော်ပွဲချိန် ၆၂မိနစ်၌ရိုးမားမှ ဂျွန်က တစ်ဂိုး၊ မိနစ် ၇၀၌ ပီဂျာနစ်ကတစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ရိုးမားက ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

မန်စီးတီးက ပေါင်သန်း ၁၅၀ နဲ့ကမ်းလှမ်းလိုက်တဲ့ စပါးကွင်းလယ်ကစားသမား ဂါရက်ဘေး



လန်ဒန် ဇန်နဝါရီ ၂၂

စပါးကွင်းလယ်ကစားသမား ဂါရက်ဘေးကို မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ ပေးမယ်လို့ ဇန်နဝါရီ ၂၂ ရက်က ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ ဒီငွေကြေးပမာဏဟာ ပရီမီယာလိဂ်မှာသာမက ကမ္ဘာ့ဘောလုံးသမားပြောင်းရွှေ့ကြေးသမိုင်းမှာ အမြင့်ဆုံးစံချိန်သစ်ဖြစ်လာမှာဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ စပါးကွင်းလယ်ကစားသမား ဂါရက်ဘေး **(ယာပုံ)**ရဲ့ ကွင်းလယ်တိုက်စစ်နဲ့ ကွင်းလယ်မှာဘောလုံးဖြန့်ဝေပေးမှုတွေဟာ အံ့အားသင့်စရာကောင်းအောင် ကောင်းမွန်နေတာမို့ လက်ရှိမန်စီးတီးအသင်း ကစားကွက်နှင့် အံကိုက်ဖြစ်နေတယ်လို့ မန်စီးတီးနည်းပြ မန်စီနီကပြောကြားနေပါတယ်။

ဂါရက်ဘေးဟာ လောလောဆယ်မှာတော့ စပါးအသင်းနဲ့ ၂၀၁၅ ခုနှစ် အထိ စာချုပ်သက်တမ်းရှိနေတာမို့ မန်စီးတီးပိုင်ရှင်တွေကလည်း ငွေထုပ်ပုံပေးပြီး ဂါရက်ဘေးကို မန်စီးတီးရောက်အောင်ခေါ်ယူနေတာဖြစ်ပါတယ်။ ဂါရက်ဘေး ကိုယ်တိုင်ကလည်း မန်စီးတီးမှာ တစ်ပတ်လုပ်ခလစာပေါင် ၂၅၀၀၀၀အနည်းဆုံးပေးမှာ မို့ ပြောင်းရွှေ့ဖို့စိတ်ဝင်စားနေပြီ ဖြစ်ပါတယ်။

စပါးအသင်းပိုင်ရှင်တွေကလည်း မန်စီးတီးရဲ့ မက်မောစရာကောင်းတဲ့ ငွေကြေးပေးနေမှုကို ကြာကြာတော့ တောင့်ခံနိုင်မှာမဟုတ်ပါဘူး။ သာမန်ဘောလုံး အသင်းတစ်သင်းဝယ်ယူနိုင်လောက်တဲ့ ငွေကြေးပမာဏဖြစ်တာမို့ ဂါရက်ဘေးကိုရောင်းချမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂါရက်ဘေးရဲ့ စွမ်းဆောင်မှုတွေကြောင့် ပရီမီယာလိဂ်မှာ စပါးအသင်းဟာ တန်းစီဇယားရဲ့ တတိယနေရာကိုရရှိထားတာမို့ ချိန်ဆရမှာတော့ အသေအချာပါပဲ။

လက်ရှိအချိန်အထိ ဘောလုံးသမားအပြောင်းအရွှေ့ စံချိန်တင်ငွေကြေးကတော့ မန်ယူတောင်ပံကစားသမား စီရိုနယ်ဒို ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့တဲ့ ပေါင်သန်း ၈၀ ပဲဖြစ်ပါတယ်။ ဒါကြောင့် ဂါရက်ဘေး ပြောင်းရွှေ့ဖြစ်မဖြစ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပြိုင်ပွဲ၌ ရှာရာပိုဗာနိုင်ပွဲရရှိ

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

၂၀၁၂ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအမျိုးသမီးတစ်ဦးချင်း တတိယ အဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၂၂ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ဂျာမနီတင်းနစ်မယ်ခါဘာအား ၆-၁၊ ၆-၂ဖြင့် အနိုင်ရရှိခဲ့သည်။

အနိုင်ရရှိ

*ရှာရာပိုဗာ **(ဝဲပုံ)**သည် ယခုပွဲအနိုင်ရရှိရန် ၁နာရီ ၂၇မိနစ်မျှကြာအောင် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ယခုပွဲအနိုင်ရရှိသဖြင့် ရှာရာပိုဗာသည် ကွာတားဖိုင်နယ်သို့ တက်ရောက်ရန် လမ်းပွင့်သွားခဲ့သည်။ကွာတားဖိုင်နယ်၌အမေရိကန်တင်းနစ်မယ် ကုဇ်ညက်ဆိုဗာသို့မဟုတ် ဂျာမနီတင်းနစ်မယ် လီဆစ်ကီနှင့်ယှဉ်ပြိုင်ရဖွယ်ရှိသည်။*

အမျိုးသမီးတစ်ဦးချင်း တတိယအဆင့်အခြားပွဲစဉ်များတွင် ဆားဗီးယား တင်းနစ်မယ် အီဗန်နိုဗစ်က အမေရိကန်တင်းနစ်မယ် ဗန်နီရာကင်းကို ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ အီတလီတင်းနစ်မယ်ဆာရာအီရာနီက ရိုမေးနီးယားတင်းနစ်မယ် ဆိုရာနာခရစ္စတီးနားကို ၆-၇၊ ၆-၀၊ ၆-၂ ဖြင့်အနိုင်ရရှိခဲ့သည်။ ***(အင်တာနက်)***

ကမ္ဘာ့အားကစားရှုခင်း

ဩစတြေးလျအိုးပင်းတင်းနစ် ရာဖေးလ်နာဒယ် ကွာတားတက်ပြီ

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းပတ်စ်မှာကျင်းပလျက်ရှိပါတယ်။ စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ တစ်နိုင်ငံတည်းသား တင်းနစ်ကစားသမားဖြစ်တဲ့ ဖီးလစ်စီးယာနိုလိုပက်ဇ်ကို ၆-၄၊ ၆-၄၊ ၆-၂ နဲ့ နိုင်ပြီး ကွာတားဖိုင်နယ်တက်ရောက်သွားပါတယ်။

ကမ္ဘာ့နံပါတ်နှစ်အဆင့်ရှိတဲ့ ရာဖေးလ်နာဒယ် (အပေါ်ပုံ)ဟာ ယခုလိုကွာတားဖိုင်နယ်ရောက်နိုင်တာ ငါးနှစ်အတွင်း စတုတ္ထအကြိမ်ဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ် (၃) အဆင့်ရှိတဲ့ရော်ဂျာဖက်ဒဲယားကတော့ ဘားနက် တောမစ်နဲ့ ဆက်လက်ယှဉ်ပြိုင်နေပါတယ်။ "ကျွန်တော့်သူငယ်ချင်း ဖီလစ်ယာနိုဟာအလွန်တော်တဲ့ ကစားသမားတစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော်အကောင်းဆုံးကြိုးစားပြီး ကစားခဲ့ရပါတယ်"လို့ ရာဖေးလ် နာဒယ်က ပြောပါတယ်။ *(အင်တာနက်)*

ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယား ရှော်လ်ကေးနဲ့မြူးနစ် အမှတ်တူဦးဆောင်

မြူးနစ် ဇန်နဝါရီ ၂၂

ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ် (၁၈)ကို ဇန်နဝါရီ ၂၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ ရှော်လ်ကေးအသင်းက အိမ်ကွင်းမှာစတုဂတ်အသင်းကို သုံးဂိုး- တစ်ဂိုးနဲ့အနိုင်ရလိုက်တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာရောက်နေတဲ့ ဘိုင်ယန်မြူးနစ်နဲ့ ရမှတ်ချင်းတူသွားပါတယ်။

ဂျိုးထရစ်က ပွဲစလို့သုံးမိနစ်အကြာ တော်ဝင်အပြာရောင်လို့ တင်စားခေါ်ဝေါ်တဲ့ ရှော်လ်ကေးအသင်းအတွက် အဖွင့်ဂိုးသွင်းယူလိုက်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းကစားသမားရှော်လ်ကေးတွေရဲ့အမှားကနေ ဟန်တဲလ်လာက စတုဂတ်အသင်း အတွက်ချေပဂိုးသွင်းခဲ့တာပါ။ ပွဲချိန် ၅၇မိနစ်မှာတော့ ပါပါဒိုးပူးလော့က ရှော်လ်ကေးအတွက် ဒုတိယ အနိုင်ဂိုးကိုသွင်းယူပေးခဲ့ပြန်ပါတယ်။ တတိယအနိုင်ဂိုးကိုတော့ ပွဲပြီးဖို့ ၁၀မိနစ်အလိုမှာ ဂျူလီယန်ဒရက်ဇ်လာက သွင်းယူနိုင်ခဲ့ပါတယ်။

ရှော်လ်ကေးအသင်းဟာဒီပွဲအနိုင်ရလိုက်တဲ့အတွက် ဘိုင်ယန်မြူးနစ်နဲ့ ရမှတ် ၃၇မှတ်ချင်းတူပြီး အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခွင့်ရသွားပါတယ်။ ဒီနေ့မှာပဲ အခြားပွဲတွေဖြစ်တဲ့ မက်ဂလာဘတ်က ဘိုင်ယန်မြူးနစ်ကို သုံးဂိုး-တစ်ဂိုး၊ ဖရိုင်းဘတ်က အော့စဘတ်ကို တစ်ဂိုး-ဂိုးမရှိ၊ ဝုဖ်ဘတ်က ကိုလုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ နူရင်ဘတ်က ဟာသာကို နှစ်ဂိုး-ဂိုးမရှိ အသီးသီးအနိုင်ရရှိသွားကြပါတယ်။ ဟောဖန်ဟိမ်းနဲ့ ဟန်နိုဗာ၊ ကလော့တန်နဲ့ ဘရီမင်တို့ပွဲကတော့ ဂိုးမရှိသရေပါပဲ။ **(အင်တာနက်)**

ရှော်လ်ကေးကစားသမားများ စတုဂတ်ကိုနိုင်ပြီး အောင်ပွဲခံနေစဉ်။

ဖယ်လ်ကာအိုရဲ့ ဟက်ထရစ်ဂိုးနှင့်အတူ အက်သလက်တီကိုနိုင်



မက်ဒရစ် ဇန်နဝါရီ ၂၂

စပိန်လာလီဂါဘောလုံးပွဲစဉ် (၁၉) ပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုက ဆိုစီဒက်ကို လေးဂိုးပြတ် အနိုင်ရသွားခဲ့ပါတယ်။

အက်သလက်တီကိုအသင်းဟာ ပထမဆုံးသော အဝေးကွင်း၌ အနိုင်ရခြင်း လည်းဖြစ်ပါတယ်။ ဖယ်လ်ကာအိုက ဟက်ထရစ်သွင်းပြီး ကျန်တစ်ဂိုးကိုတော့ အက်ဒရီယန်လို့ပက်ဇ်က သွင်းယူခဲ့တာပါ။

ဖယ်လ်ကာအို **(အပေါ်ပုံ)**ဟာ ကိုလံဘီယာကစားသမားတစ်ဦးဖြစ်ပါတယ်။ အဲဒီနေ့က အခြားပွဲတွေအဖြစ် ဂီတာဖေးလ်က ရေဆင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အက်စ်ပန်ညိုက ဂရင်နာဒါကို သုံးဂိုးပြတ်အသီးသီးအနိုင်ရသွားကြပါတယ်။ ဘက်တစ်နဲ့ ဆီဗီလာတို့ကတော့ တစ်ဖက်တစ်ဂိုးစီနဲ့ တစ်မှတ်စီခွဲဝေယူသွားကြပါတယ်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

ဇမ်ဘီယာကစားသမားများ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။

အာဖရိကနိုင်ငံများဖလား ဇမ်ဘီယာပွဲဦးထွက်နိုင်

ဂါဘွန် ဇန်နဝါရီ ၂၂

၂၀၁၂ ခုနှစ် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဂါဘွန်နဲ့ အီကွေတိုရီရယ်ဂီနီယာနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ဇန်နဝါရီ ၂၁ ရက်က ကျင်းပခဲ့ရာ အဖွင့်ပွဲစဉ်မှာ အုပ်စု(A)မှ ဇမ်ဘီယာအသင်းက ဆီနီဂေါအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ပွဲဦးထွက်အနိုင်ရသွားပါတယ်။

ဇမ်ဘီယာအသင်းအတွက်အဖွင့်ဂိုးကိုတော့ အီမန်နျူရယ်မာယုကာက ပွဲစပြီး ၁၂ မိနစ်အကြာမှာ သွင်းယူပေးခဲ့တာပါ။ ဒီဂိုးသွင်းပြီး ခုနစ်မိနစ်အကြာမှာ ရိန်းဖော့ ကာလာဘာက ဇမ်ဘီယာအတွက် ဒုတိယဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။ ဆီနီ ဂေါ အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို လူစားဝင်လာသူ ဒိန်းအင်ဒိုရီက သွင်းယူခဲ့ပါတယ်။ တီရန်ဂါခြင်္သေ့များလို့ ခေါ်ဆိုတဲ့ ဆီနီဂေါကစားသမားတွေဟာ ပွဲစဉ်တစ်လျှောက် ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။

တစ်အုပ်စုတည်းမှ အီကွေတိုရီရယ်ဂီနီယာအသင်းကလည်းလစ်ဗျားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပါတယ်။ အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲကို အုပ်စုလေးအုပ်စုခွဲပြီး ကစားလျက်ရှိပါတယ်။ တစ်အုပ်စုမှာ လေးသင်းပါပြီး စုစု ပေါင်း ၁၆ သင်းရှိပါတယ်။ ဇမ်ဘီယာအသင်းဟာ လာမယ့် ဇန်နဝါရီ ၂၅ ရက်မှာ လစ်ဗျားနဲ့ကစားမှာဖြစ်ပါတယ်။ ဒီနေ့မှာပဲ အီကွေတိုရီရယ်ဂီနီယာက ဆီနီဂေါနဲ့ တွေ့မှာ ဖြစ်ပါတယ်။ ***(အင်တာနက်)***

ဆေးဝါးတက္ကသိုလ်(ရန်ကုန်) အနှစ်(၂၀)ပြည့်အခမ်းအနား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၂

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရှိ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) အနှစ်(၂၀)ပြည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဆေးဝါးတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားပါမောက္ခချုပ်များ၊ ဆရာကြီး ဆရာမကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)သည် ၁၉၉၂ ခုနှစ်တွင် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ်နယ်မြေ၊ ယခင်ဘီအိုစီကောလိပ်နေရာ၌ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ၂၀၀၅ ခုနှစ်တွင် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)ဟု ပြောင်းလဲခေါ်တွင်ခဲ့သည်ကို သိရှိရကြောင်း၊ ဆေးဝါးပညာရပ်သည် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးရန် ဆေးဝါးထုတ်လုပ်မှုနည်းပညာအတွက်သာမက ပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်ရေးကဏ္ဍများအတွက် အရေးပါသောပညာရပ်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် အရည်အသွေးပြည့်မီသော ဆေးဝါးများကို အသုံးပြုရာတွင် ဘေးအန္တရာယ်နည်းပါးပြီး ထိရောက်စွာ ဆေးကုသနိုင်ရန် ဆေးဝါးပညာရှင်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဤတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ (Pharmacy Education and Pharmacy Profession) ပိုမိုတိုးတက်စေရေး၊ ပါရဂူ (Ph.D) အဆင့်ထိ သင်တန်းပေးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော မျိုးဆက်သစ်ဆေးဝါးပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားသည်။ ယင်းနောက် ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ဒေါ်မာလာမြင့်နှင့် ဆေးဝါးတက္ကသိုလ် (ရန်ကုန်)မှ ဘွဲ့ရကျောင်းသားဟောင်းတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးတက္ကသိုလ် (ရန်ကုန်)ပြခန်းအတွင်း ခင်းကျင်းပြသထားသည့်မှတ်တမ်း ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) အနှစ် (၂၀) ပြည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၅ ရက်ကကျင်းပရာ ပညာရည်ချွန်ဆုရ အဋ္ဌမတန်းမှ မောင်အောင်မြတ်သူအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည် ဆုချီးမြှင့်စဉ်။
(မြို့နယ် ပြန်/ဆက်)

သုံးဆယ်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၂

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သုံးဆယ်ကျောင်း အရှေ့ဥယျာဉ်တိုက် ဗဟိုလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသက် ၇၈ နှစ် ပြည့်ပြီးသူ ကန်တော့ခံအသင်းဝင်များနှင့် ၂၀၁၀နှင့်၂၀၁၁ ခုနှစ်များက ပါရဂူဘွဲ့ရသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို အသင်းအတွင်းရေးမှူး ဦးမောင်နှစ် ဖုန်း-၀၉-၇၃၂၂၄၈၁၂ နှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အုန်း ဖုန်း-၀၅၅-၃၀၁၃၂ တို့ထံ ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထကကျောင်း လှိုင်ရတနာခန်းမ၌ ဒေသခံမြို့သူမြို့သားများအား ရွှေဝါဝင်းအငြိမ့်အဖွဲ့ကပြဖျော်ဖြေရာ အငြိမ့်အဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။
(၀၄၈)

မြန်မာ့အလင်း | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား

ဇေကမ္ဘာမြန်မာအိုးပင်း ဂေါက်ပြိုင်ပွဲတွင် အကြီးတန်း ချန်ပီယံဟောင်းများ ပါဝင်လက်စွမ်းပြမည်

ရန်ကုန် ဇန်နဝါရီ ၂၂

လာမည့်လတွင် Air Bagan Ltd. က Presenting Sponsor အဖြစ် ဆောင်ရွက်မည့် Zaykabar Myanmar Open ဂေါက်ပြိုင်ပွဲတွင် အကြီးတန်းချန်ပီယံဟောင်းများ ဖြစ်ကြသော ထိုင်းနိုင်ငံမှ Boonchu Ruangkit နှင့် ဖိလစ်ပိုင်မှ Frankie Minoza တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

Boonchu (၅၅) နှစ်နှင့် Minoza (၅၃)နှစ်တို့သည် တစ်ချိန်က အစွမ်းပြခဲ့ကြသလို ယခုတစ်ဖန် ယှဉ်ပြိုင်ရင်း ထိုစဉ်က ကိုရီးယားမှ Choi Sang-ho တင်ခဲ့သည့် စံချိန်ကို ချိုးနိုင်မည်ဟုလည်း မျှော်လင့်ထားကြသည်။ Choi Sang-ho သည် ၂၀၀၅ ခုနှစ် Maekyung Open တွင် အနိုင်ရရှိစဉ်က သူ၏ အသက်မှာ ၅၀ နှင့် ၁၄၅ ရက်ဖြစ်ကာ Asian Tour ၏ အသက်အကြီးဆုံး ဗိုလ်စွဲသူဖြစ်ခဲ့သည်။

၎င်းတို့နှစ်ဦးသည် ယခု Royal Mingaladon Golf & Country Club တွင်ကျင်းပမည့် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ တန် ပွဲတွင် ယခုလောလောဆယ် Order of Merit ချန်ပီယံ Juvic Pagunson (ဖိလစ်ပိုင်) နှင့် ချန်ပီယံ Tetsuji Hiratsuka (ဂျပန်)တို့နှင့်အတူ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲများစွာ အနိုင်ရရှိထားသော ဂျပန်နိုင်ငံမှ Yuta Ikeda၊ ဆွီဒင်နိုင်ငံမှ Rikard Karlberg (၂၀၁၀ Asian Tour Rookie of the Year) နှင့် ဖိလစ်ပိုင်နိုင်ငံမှ Angelo Que တို့လည်း တစ်နှစ်တာမျှ Asian Tour နှင့် အဆက်ပြတ်ခဲ့ပြီးနောက် ယခုတစ်ဖန် ပါဝင်လာခြင်းဖြစ်သည်။

Boonchu သည် ၁၉၉၇ ခုနှစ် Myanmar Open တွင် အနိုင်ရရှိပြီးနောက် ၂၀၁၀ ပြည့်နှစ် ပွဲစဉ်ရာသီတွင် European Senior Tour ပွဲပေါင်းလေးပွဲအထိ အနိုင်ရရှိကာ Order of Merit သရဖူဆောင်းနိုင်ခဲ့သူလည်း ဖြစ်သည်။ Senior Tour ပွဲများတွင် အနိုင်ရရှိခြင်းကြောင့် သူသည် Asian Tour ၏ Special Achievement Award ဆုလည်း ရရှိခဲ့သည်။ ယမန်နှစ်က Boonchu သည် Asian Tour ပွဲစဉ်သုံးပွဲယှဉ်ပြိုင်ခဲ့ရာ Hero Indian Open တွင် အဆင့် ၆ ရရှိသည်။ ယခု Zaykabar Myanmar Open သို့လာရောက်ကာ လက်ရည်စမ်းဦးမည့် Boonchu သည် ၂၀၀၅ ခုနှစ်က ပူးတွဲအဆင့် ၈ ရရှိ၍ ၂၀၁၀ ပြည့်နှစ်က ပူးတွဲ ၂၈ ရရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ်၏ အစောပိုင်းနှစ်များကတည်းက အနိုင်ပွဲများကို ယှဉ်ပြိုင်ကစားနိုင်ခဲ့သူ Minoza သည် အာရှ၏ ထင်ရှားသော သက်ကြီးတန်း ဂေါက်သီးသမားတစ်ဦးလည်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း Asian Tour နှင့် Japan Golf Tour တွင် အနိုင်ရရှိကာ လက်စွမ်းပြနိုင်ခဲ့သည်။

ဂျပန်ဂေါက်သီးသမားများထဲတွင် ပြည်တွင်းပွဲ ကိုးကြိမ်အနိုင်ရရှိထားသူ Ikeda သည်လည်း Zaykabar Myanmar Open Presented by Air Bagan ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ သူသည် တစ်နိုင်ငံတည်းသားဖြစ်သူ Hiratsuka အောင်မြင်မှု ရရှိခဲ့သည်ကို အတုယူအားကျရင်း မြန်မာနိုင်ငံတွင် ပထမဆုံးအောင်ပွဲ တစ်ရပ်ဆင်နွှဲနိုင်ရန် လမ်းစရှာလျက်ရှိသည်။

ဤပွဲသည် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ ချီးမြှင့်မည့် Asian Tour ပွဲစဉ်ဖြစ်သည်။ ဤပွဲကို Asian Tour နှင့် မြန်မာပီဂျီအေ (Myanmar Professional Golfers Association) တို့၏ ကြီးကြပ်မှုဖြင့် အဆင့်မြင့် Royal Mingaladon Golf & Country Club တွင် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယခုကဲ့သို့ Myanmar's National Championship ပွဲသည် Asian Tour ၏ ပွဲစဉ်အဖြစ် မကျင်းပနိုင်ခဲ့သည်မှာ တစ်နှစ်မျှကြာရှိခဲ့ပြီဖြစ်သည်။ ယခုပွဲစဉ်မျိုးကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ နာမည်ကျော် ချန်ပီယံများ ပေါ်ထွက်ခဲ့သည်။ ယင်းတို့တွင် Asian Tour Order of Merit Winner အဖြစ် သုံးကြိမ်ရရှိခဲ့သူ Thongchai Jaidee (ထိုင်း)၊ Boonchu Ruangkit (ထိုင်း)၊ Authong Kang (အမေရိကန်)၊ James Kingston (တောင်အာဖရိက)၊ Lin Keng-chi (တရုတ်-တိုင်ပေ)နှင့် Tetsuji Hiratsuka (ဂျပန်)တို့ ပါဝင်သည်။ **(ဦးကျော်-သတင်းစဉ်)**

မနောမြေအသင်းမှ သန်းဇော်လင်းနှင့် အက်စလေတို့ Southern ဘက်သို့ ဂိုးသွင်းရန်ကြိုးစားစဉ်။

ဂိုးပြတ်အနိုင်ဖြင့် မနောမြေ နိုင်ပွဲစရ

ရန်ကုန် ဇန်နဝါရီ ၂၂ **သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်**

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပခဲ့ပါတယ်။

(ပဒုမ္မာကွင်း)
မနောမြေ - လေးဂိုး
Southern Myanmar - ဂိုးမရှိ

Southern အသင်းတို့ မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးပွဲနဲ့ ကြုံတွေ့သွားခဲ့ရပါတယ်။ နှစ်ပွဲမှာ သုံးမှတ်ရရှိအောင်ကစားထားတဲ့ Southern အသင်းရဲ့ အခုပွဲကစားပုံက အမှားများခဲ့ပါတယ်။ အဲဒါကြောင့်ပဲ Southern အသင်းဟာ မနောမြေကို ခြေစွမ်းပိုင်းရော ရလဒ်ပိုင်းပါ ရှုံးသွားရတာပါ။ အခုရာသီမှာ ခြေစွမ်းပိုင်းပိုကောင်းလာတဲ့ မနောမြေအသင်းကတော့ ဂိုးပြတ်အနိုင်နဲ့အတူ ပထမဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အက်စလေ၊ မန်ဆာ၊ ကမ်ဘူး၊ ထူးကျော်တို့နဲ့ လူစုံပါဝင်လာတဲ့ မနောမြေအသင်းဟာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး သုံးမိနစ်မှာ ကမ်ဘူး၊ ၃၉ မိနစ်နဲ့ ၆၅ မိနစ်မှာ သန်းဇော်လင်းနဲ့ ၄၄ မိနစ်မှာ စံမျိုးဦးတို့က အနိုင်ဂိုးတွေ သွင်းယူခဲ့ပါတယ်။

(ဗထူးကွင်း)

ရတနာပုံ	-	တစ်ဂိုး
မောရဝတီ	-	ဂိုးမရှိ

(NPT ကွင်း)

နေပြည်တော်	-	သုံးဂိုး
ဇွဲကပင်ယူနိုက်တက်	-	ဂိုးမရှိ

မလှိုင်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

မိတ္ထီလာ ဇန်နဝါရီ ၂၂

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် နတ်စင်ကုန်းကျေးရွာအုပ်စု ကန်ကျေးရွာတွင် ဇန်နဝါရီ ၁၅ ရက်က ကန်ရွာနေ တောင်သူ ဌထွန်း(ခ)မောင်ထွန်း ၂၄ နှစ်၏ သုံးပင်နှစ်ပင် သက်ငယ်မိုး၊ ထရံကာအိမ် မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ မလှိုင်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးအေးသောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာသူရွာသားများက အချိန်မီ ဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် မီးလောင်ပြီး မကြာမီ ငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

မီးသုံးစွဲလျှင် သတိယှဉ် အစဉ်သတိအမြဲရှိ

ကျောက်တန်းမြို့ ကျောက်တန်း ဘိုးဘွားရိပ်သာအိမ်ရာနေ ဦးရဲထွန်း-ဒေါ်တင်တင်ညို၊ သမီး မြတ်ဆုဆုကြွယ်၏ (၁၇) နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဘိုးဘွားရိပ်သာနာမကျန်းဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ရိပ်သာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ဂျပန်ရုပ်ရှင်မင်းသမီး ဆူဇူကီ၏ အနုပညာကောက်ကြောင်း

တိုကျို ဇန်နဝါရီ ၂၂

ဂျပန်ရုပ်ရှင်လောကမှာ အောင်မြင်မှုရရှိနေတဲ့ လူငယ်အမျိုးသမီးသရုပ်ဆောင်ကတော့ ဆူဇူကီပဲဖြစ်ပါတယ်။ ဂျပန်ရုပ်ရှင်မင်းသမီးအင်န်နီဆူဇူကီဟာ မကြာမီမှာ တောင်ကိုရီးယားရုပ်ရှင်မင်းသားဘေယောင်ဂျွန်နဲ့ ဒရာမာဇာတ်ကား တစ်ကားရိုက်ကူးဖို့လည်း စီစဉ်နေသူ ဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ဂျပန်ရုပ်ရှင်မင်းသမီးဆူဇူကီ**(အပေါ်ပုံ)**ဟာ လောလောဆယ်မှာတော့ The Flower အမည်ရှိတဲ့ ဂျပန်ဒရာမာရုပ်ရှင်ကား ရိုက်ကူးနေတာ ပြီးစီးတော့မှာဖြစ်ပါတယ်။ အနုပညာအရည်အသွေးငယ်ငယ်လေးကတည်းက ပါရှိခဲ့သူမို့ အသက် ၁၂ နှစ်အရွယ်ကတည်းက ရုပ်ရှင်လောကသို့ ရောက်ရှိပြီး လူငယ်သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာခရီးကို လျှောက်လှမ်းလာသူ ဖြစ်ပါတယ်။

ဂျပန်ရုပ်ရှင်မင်းသမီး ဆူဇူကီဟာ ၂၀၀၀ ပြည့်နှစ်က ရိုက်ကူးခဲ့တဲ့ Snow Falling on Cedars ဇာတ်ကားနဲ့ နာမည်ကျော်ခဲ့သူဖြစ်ပြီး အက်ရှင်ဇာတ်ကားဖြစ်တဲ့ Returner ဇာတ်ကားမှာ သရုပ်ဆောင်မှုပြောင်မြောက်တာမို့ ဂျပန်နိုင်ငံရဲ့(၂၆)ကြိမ်မြောက် အကယ်ဒမီဆုပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့ပါတယ်။

ဒါ့အပြင် ဂျပန်ဒါရိုက်တာ ရှန်ဂျီအီဝါအီ ရိုက်ကူးခဲ့တဲ့ Hana and Alice နဲ့ Juvenile ဇာတ်ကားတွေမှာလည်း ပရိသတ်တွေ တစ်ခဲနက်အားပေးခြင်း ခံခဲ့ရသူဖြစ်ပါတယ်။ ဆက်လက်ပြီးဒါရိုက်တာ အိုတိုမိုရဲ့ Steamboy ဇာတ်ကားနဲ့ Natsuki Mogi ဇာတ်ကားတွေဟာ တရုတ်ပြည်တစ်ဝန်းအထိအောင်မြင်ကျော်ကြားလူကြိုက်များခဲ့ပါတယ်။

ဂျပန်ရုပ်ရှင်မင်းသမီး ဆူဇူကီဟာ The Blue Light ဇာတ်ကားမှာ သရုပ်ဆောင်မှု ကောင်းမွန်တာမို့ အဲဒီဇာတ်ကားရိုက်ကူးပြီးတာနဲ့ အမေရိကန်ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီဖြစ်တဲ့ ယူနီဗာဆယ်ကခေါ်ယူပြီး ရုပ်ရှင်ကားတွေ ရိုက်ကူးခဲ့ပါတယ်။ ဟောလိဝုဒ်မှာလည်း ဂျပန်ရုပ်ရှင်မင်းသမီးဆူဇူကီရဲ့ သရုပ်ဆောင်မှုတွေကြောင့် အောင်မြင်မှုရရှိခဲ့ပြန်ပါတယ်။

အခုလောလောဆယ်မှာတော့ ဂျပန်ရုပ်ရှင်မင်းသမီးဆူဇူကီဟာ တောင်ကိုရီးယားရုပ်ရှင်မင်းသားဘေယောင်ဂျွန်နဲ့တွဲပြီးဂျပန်နိုင်ငံအတွင်းမှာ ဒရာမာရုပ်ရှင်ကားရိုက်ကူးဖို့ ဂျပန်ရုပ်ရှင်ဒါရိုက်တာ အီဝါအီက စီစဉ်နေပြီဖြစ်ပါတယ်။ဒါကြောင့် ဂျပန်ရုပ်ရှင်မင်းသမီးနဲ့ကိုရီးယားရုပ်ရှင်မင်းသားတို့ ပါဝင်သရုပ်ဆောင်ကြမယ့်ဂျပန်ဒရာမာဇာတ်ကားသစ်ကို ပရိသတ်တွေ ကြည့်ရှုရတော့မှာဖြစ်ပါတယ်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်း ဇာတ်ကားသစ်ရိုက်ကူးနေ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်းသည် ဇာတ်ကားသစ် Gods Behaving Badly တွင် ပါဝင်သရုပ်ဆောင်လျက်ရှိရာ မကြာမီရက်ပိုင်းအတွင်း ရိုက်ကူးပြီးစီးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက်၌ သတင်းထုတ်ပြန်သည်။

*အသက် ၅၃ နှစ်အရွယ်ရှိပြီဖြစ်သော ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်း**(အောက်ပုံ)**သည် လွန်ခဲ့သည့် ၁၀ နှစ်အထိ ကမ္ဘာ့အလှဆုံး အမျိုးသမီးများစာရင်းတွင် ထည့်သွင်းဖော်ပြခံရသူဖြစ်သည်။ ထို့အပြင် ကမ္ဘာကျော် People မဂ္ဂဇင်း၏ ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ်လည်း လွန်ခဲ့သည့် ၁၀ နှစ်အထိ ရွေးချယ်ခံခဲ့ရသူဖြစ်သည်။*

ရုပ်ရှင်မင်းသမီးရှာရွန်စတုန်းသည် ယခုအခါ သရုပ်ဆောင်မှုနှင့် ရုပ်ရှင်ကားထုတ်လုပ်မှုများကိုသာ လုပ်ကိုင်လျက်ရှိသည်။ ၂၀၁၁ခုနှစ်က သူမ၏ Largo Winch 11 ဇာတ်ကားကို ဥရောပနိုင်ငံများတွင် ရုံတင်ပြသခဲ့ရာ ပရိသတ်များအထူးကြိုက်နှစ်သက်ခဲ့ကြသည်။

ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်းသည် မိုက်ကယ်ဂရင်းဘတ်နှင့် ၁၉၈၄ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၁၉၉၀ ခုနှစ်၌ ကွာရှင်းခဲ့သည်။ တစ်ဖန် ဖီးလ်ဘရွန်စတိန်းနှင့် ၁၉၉၈ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၂၀၀၄ ခုနှစ်၌ ကွာရှင်းခဲ့သည်။

ယခုအခါ အိမ်ထောင်ထပ်မံမပြုဘဲ သားသမီးသုံးဦးနှင့်အတူနေထိုင်ကာ အနုပညာအလုပ်များကိုသာ လုပ်ကိုင်လျက်ရှိသည်။

(အင်တာနက်)

သရုပ်ဆောင်သစ် ရှာဖွေနေသည့် တွမ်ခရုစ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

ဟောလိဝုဒ်မှာ ဇာတ်ကားသစ်တစ်ကားရိုက်ကူးဖို့အတွက် သရုပ်ဆောင်သစ်တစ်ဦးကို ရှာဖွေနေတယ်လို့ ဟောလိဝုဒ်ရဲ့ ကမ္ဘာကျော်ရုပ်ရှင်မင်းသားနဲ့ ဒါရိုက်တာလည်းဖြစ်တဲ့ တွမ်ခရုစ်**(ဝဲပုံ)**က ဇန်နဝါရီ ၂၂ ရက်မှာ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

အချစ်နဲ့အက်ရှင် ဇာတ်လမ်းတွေပါဝင်တဲ့ သူ့ရဲ့ဇာတ်ကားသစ်မှာ မျက်နှာသစ်သရုပ်ဆောင်တစ်ဦးကို ရှာဖွေနေတယ်လို့ ဆိုပါတယ်။ အဲဒီသရုပ်ဆောင်သစ်ကို ရှာဖွေဖို့အတွက် တွမ်ခရုစ်ဟာ အီတလီနိုင်ငံကို မကြာခင်သွားရောက်ဖို့စီစဉ်နေပြီး သူကိုယ်တိုင် လိုက်လံရှာဖွေမယ်လို့ ဆိုပါတယ်။

သရုပ်ဆောင်သစ်ရှာဖွေနေ

ဟောလိဝုဒ်မှာ လောလောဆယ်နာမည်ကြီးနေတဲ့ ဆယ်ကျော်သက်ရုပ်ရှင်မင်းသမီးတွေကို သူ့ရဲ့ဇာတ်ကားမှာထည့်သွင်းအသုံးမပြုလိုတာမို့ သရုပ်ဆောင်သစ် ရှာဖွေနေခြင်းပဲဖြစ်ပါတယ်။ အသက် ၅၀ ရှိနေပြီဖြစ်တဲ့ တွမ်ခရုစ်ဟာ သရုပ်ဆောင်၊ ဒါရိုက်တာထုတ်လုပ်သူနဲ့ ဇာတ်ညွှန်းရေးဆရာအဖြစ် မျိုးစုံလုပ်ကိုင်နေသူလည်းဖြစ်ပါတယ်။

တွမ်ခရုစ်ဟာ မီမီရော်ဂျားစ်နဲ့ ၁၉၈၇ ခုနှစ်မှာ အိမ်ထောင်ပြုခဲ့ပေမယ့် ၁၉၉၀ ခုနှစ်မှာ ကွာရှင်းခဲ့ပါတယ်။ အဲဒီနောက် နီကိုလ်ကစ်မင်းနဲ့ လက်ထပ်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ ကွာရှင်းခဲ့ပြန်ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ ကိတ်ဟိုးလ်မက်နဲ့လက်ထပ်ခဲ့တာ လက်ရှိအချိန်အထိ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ အနုပညာလုပ်ငန်းတွေကို လုပ်ကိုင်ရင်း ရုပ်ရှင်မင်းသမီးအသစ်များလည်း ရှာဖွေနေပါကြောင်း။ ။ **(အင်တာနက်)**

အမြို့မြို့အနယ်နယ် ပညာရည်ချွန်ဆုများ ချီးမြှင့်

ဆုချီးမြှင့်

ဇန်နဝါရီ ၄ ရက်က အင်းစိန်မြို့နယ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အထက(၁) အင်းစိန်မှ အဋ္ဌမတန်းကျောင်းသူ မထူးရည်မွန်အောင်အား မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဆိပ်ကြီးခနောင်တို မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ န၀မတန်း(က)မှ ထူးချွန်ဆုရ မခင်စုမြတ်သီရိစံအား ကျောင်းအုပ်ဆရာကြီး ဦးအောင်နိုင်စိုးဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရွှေပြည်သာမြို့နယ် အမက (၁၅) ကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ ကျောင်းတွင်းအဆင့် ပထမတန်းတွင် ဘာသာစုံထူးချွန် ဒုတိယဆု ရရှိသော ကျောင်းသား မောင်ကျော်မင်းပိုင်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဆန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။
မြင့်သန်းကြည်(ရွှေပြည်သာ)

မြန်မာ့အလင်း **ပြည်တွင်းလူမှုစီးပွားသတင်း**

ပြည်တွင်းနိုင်ငံခြားဝင်ငွေခွန်ပေးဆောင်ရသူများ ၂ ရာခိုင်နှုန်းပေးဆောင်ကာလ ကုန်ဆုံးတော့မည်

ရန်ကုန် ဇန်နဝါရီ ၂၂

လာမည့် ဖေဖော်ဝါရီ ၁၉ ရက်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံခြားဝင်ငွေဖြင့် အလုပ်လုပ်ကြသည့် အလုပ်သမားများအခွန်ငွေ ၂ ရာခိုင်နှုန်း သတ်မှတ်သက်တမ်းပြည့်တော့မည်ဖြစ်ခြင်းကြောင့် ပြည်တွင်း၌ လုပ်ကိုင်ကြသည့် နိုင်ငံခြားငွေလစာရ မြန်မာလုပ်သားများအဖို့ စိုးရိမ်နေကြကြောင်း အဆိုပါသတင်းရပ်ကွက်မှ ကြားသိရသည်။

ပြောကြား

"အရင်က ၁၀ ရာခိုင်နှုန်း ဆောင်ရတာပါ။ အခု ပြီးခဲ့တဲ့ ဩဂုတ်လမှာ ကြေညာချက်အသစ်ထွက်ပြီး ကျွန်မတို့ ၂ ရာခိုင်နှုန်းပဲ ဆောင်ရပါတော့တယ်။ ဒီဇင်ဘာတုန်းက နိုင်ငံခြားတိုင်းပြည်တွေမှာ အလုပ်လုပ်ကြတဲ့ နိုင်ငံသားတွေကို အခွန်ကင်းလွတ်ခွင့်တွေ ပြုလုပ်ပေးဖို့ ကြေညာချက်တွေ ထွက်ခဲ့ပေမယ့် ကျွန်မတို့လို နိုင်ငံအတွင်းက အလုပ်သမားတွေအတွက်တော့ အကျုံးမဝင်တဲ့အတွက် လစာကို ၂ ရာခိုင်နှုန်း ပေးဆောင်ရမယ်လို့ သိထားရပါတယ်။ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းက ခြောက်လသက်တမ်းပဲရှိတော့ ရှေ့လကျရင် ဘယ်လိုဖြစ်မလဲဆိုတာ ပြည်တွင်းက ဒေါ်လာစားတွေအားလုံး စိတ်ဝင်စားနေကြပါတယ်" ဟု သတင်းမီဒီယာ တစ်ခုတွင် အလုပ်လုပ်နေသည့် နိုင်ငံခြားဝင်ငွေရရှိသူ အယ်ဒီတာ တစ်ဦးက ပြောကြားသည်။

ပြည်တွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည် စတင်အလုပ်ဝင်ချိန်မှ စတင်ကာ အလုပ်ရှင်၏ ထောက်ခံပေးမှုဖြင့် အလုပ်သမားဝန်ကြီးဌာနသို့ အခွန်ငွေများ မှန်ကန်စွာ ပေးသွင်းကြရသည်။ အလုပ်သမားဝန်ကြီးဌာန၏ လူမှုဖူလုံရေးကတ်များ ရရှိကြသော်လည်း ပုဂ္ဂလိက ကုမ္ပဏီအများစု၌ လုပ်ကိုင်လျက်ရှိသည့် ဝန်ထမ်းအများစုမှာ လူမှုဖူလုံရေးကတ်များကို သုံးစွဲကာ ကျန်းမာရေးစောင့်ရှောက်မှုခံယူသူ မရှိသလောက်နည်းပါးကြောင်း သိရသည်။ ယခင်က နိုင်ငံခြားဝင်ငွေရရှိသူအများစုမှာ ရန်ကုန်မြို့တွင်သာ အလုပ်လုပ်ကိုင်သူများဖြစ်ကြပြီး ယခုအခါ နိုင်ငံရပ်ခြားမှ အင်န်ဂျီအို အများစုမှာ အနယ်နယ်အရပ်ရပ်တွင် ရုံးခွဲများထားရှိကာ ပြည်တွင်းလုပ်သားများအား လစာပေး၍ အသုံးပြုခြင်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငွေရင်းပေါများသည့် အလုပ်အကိုင်များ၌လည်း ရာထူးကြီးများ ရရှိခြင်းတို့ကြောင့် ပြည်တွင်းရှိ နိုင်ငံခြားဝင်ငွေရရှိသူ ဦးရေမှာလည်း အလွန်ပင်များပြားလာခဲ့ကြောင်း နိုင်ငံခြားဝင်ငွေရရှိသူ တစ်ဦးဖြစ်သည့် နယူးဇီလန်အခြေစိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသော နယ်စည်းမခြား ဆရာဝန်များအဖွဲ့တွင် လုပ်ကိုင်နေသည့် ဆရာဝန်တစ်ဦးက ပြောကြားသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနတာဝန်ရှိသူ တချို့အား မြန်မာ့အလင်းမှ ဆက်သွယ်မေးမြန်းခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် ဝင်ငွေခွန် လျှော့ပေါ့ခြင်းပြုလုပ်ပေးခဲ့ပြီးနောက် ဆက်လက်၍ ဆောင်ရွက်ရန်အတွက်လည်း ပြည်တွင်းအခွန်များ ဦးစီးဌာနအနေနှင့် မည်သည့်ညွှန်ကြားချက်ကိုမျှ လက်ရှိတွင် မရှိသေးကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ပြည်တွင်း၌ ဝင်ငွေခွန်အပြည့်ထမ်းကာ တာဝန်ကျေပွန်ကြသော နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်သားများအနေနှင့် ပြည်ပရောက် မြန်မာလုပ်သားများနည်းတူ ဝင်ငွေခွန် ကင်းလွတ်ခွင့်မရရှိသည့်တိုင်အောင် လက်ရှိထမ်းဆောင်နေရသည့် ၂ ရာခိုင်နှုန်း ဝင်ငွေခွန်သာ ဆက်လက်အခွန်ထမ်းရန် ဆန္ဒရှိနေကြောင်း နိုင်ငံခြားဝင်ငွေရ ပြည်တွင်းလုပ်သားအချို့က မြန်မာ့အလင်းသို့ ရင်ဖွင့်ပြောကြားခဲ့သည်။ **(ခင်ရတနာ)**

❐ *ကျောဖုံးမှ*

ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆) နှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက "ပြည်မြန်မာ" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးတက်မြင့်မားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များအား အခြေခံပညာကျောင်းများကို အခြေခံ၍ ပြုလုပ်အကောင်အထည်ဖော်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အနှံ့အပြား၌လည်း ဆက်လက်ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ခိုင်မာအောင်တည်ဆောက်

လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်အတွက် အားများဖြစ်ကြောင်း၊ အရည်အချင်းရှိပြီး စွမ်းအားပြည့်ဝသည့် နိုင်ငံတော်၏အားများဖြစ်လာစေရန် အချက်(၃)ချက် တည်ဆောက်ရန် လိုအပ်ကြောင်း၊ နံပါတ် (၁)အချက်မှာ ကျောင်းသားကျောင်းသူ လူငယ်များသည် ကျောင်းသင်ခန်းစာများကို တတ်မြောက် ထူးချွန်အောင် သင်ကြားလေ့ကျင့်ခြင်း၊ တစ်ဖက်ကလည်း ပြင်ပ စာကောင်းပေမွန်များကို မပြတ်ဖတ်ရှုလေ့လာခြင်း၊ ထို့ပြင် ငယ်ရွယ်သည့်အချိန်မှ စတင်၍ အသက်ထက်ဆုံး စာရိတ္တကောင်းမွန်ခိုင်မာအောင် ကျင့်ကြံနေထိုင်ခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်ခိုင်မာခြင်းစသည့် အရည်အချင်းများ ပြည့်စုံအောင်တည်ဆောက်ရန်ဖြစ်ကြောင်း၊ (၂)အချက်မှာ သင်ကြားတတ်မြောက်ထားသည့် သင်ခန်းစာများအပေါ် ဆင့်ပွား တီထွင်ဖော်ထုတ်၍ သညာအဆင့်မှ ပညာအဆင့်သို့ တက်လှမ်းနိုင်အောင်ကြိုးပမ်းပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကို ဖော်ဆောင်ရန် ဖြစ်ကြောင်း၊ နံပါတ်(၃)အချက်မှာ နိုင်ငံတော်အတွက် တကယ့်အားဖြစ်လာစေရန် တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးသည့်စိတ်ဓာတ်ကို ခိုင်မာအောင် တည်ဆောက်ကြရန်ဖြစ်ကြောင်း။

ယခုအခါ ကျောင်းသားကျောင်းသူလူငယ်လူရွယ်များ၊ ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့် ပိုမိုမြင့်မားလာစေရေး၊ စာအုပ်စာစောင်များကို လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်၍ အသိပညာ၊ ဗဟုသုတမြင့်မားလာစေရေးအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခြင်း၊ ထူထောင်ပြီး စာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုးရှင်သန်စေရန်အတွက် စံ(၅)ရပ်နှင့်ကိုက်ညီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့် လူမျိုး၏အကျိုးကိုရှေးရှုသည့် အမျိုးသားရေးလုပ်ငန်း တာဝန်များဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်အားပေးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၁၀ ခုနှစ် မေလတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဖွဲ့စည်းတည်ထောင်ခဲ့မှု၊ ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် စံ(၅)ရပ်နှင့်ကိုက်ညီအောင် ပံ့ပိုးဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏အား၊ ဒေသခံပြည်သူလူထု၏အား၊ စေတနာရှင်အလှူရှင် ပုဂ္ဂိုလ်အဖွဲ့အစည်းများ၏အားအပြင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းတို့၏အားတို့ဖြင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ အထက(၄) ဗိုလ်တထောင်မှ မဖြူလှဲ့ကိုကို၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အထက(၃) ဗိုလ်တထောင်မှ မနှင်းလှဲ့ရည်ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အထက(၆) ဗိုလ်တထောင်မှ မောင်လွင်မိုးအောင်နှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ အထက(၅) ဗိုလ်တထောင်မှ မသက်ဦးမေတို့အား ဆုများကိုချီးမြှင့်သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ အလှူရှင်များက ဗလာစာအုပ်များ၊ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဆက်လက်၍ Eleven Media Group က ဗလာစာအုပ်ဒါဇင် ၁၅၀၊ စိတ်ကူးချိုချိုစာပေတိုက်က ဗိုလ်တထောင်မြို့နယ်ရှိ အထက်တန်းကျောင်းခြောက်ကျောင်း အတွက် တစ်ကျောင်းလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၁၈ သိန်း တန်ဖိုးရှိ စာအုပ်စာစောင်များ၊ ဦးလှထွန်းအောင် (မောင်မောင်ထွန်းအောင်-ကျန်းမာရေး)က ငွေကျပ်ခြောက်သိန်းခြောက်သောင်းတန်ဖိုးရှိ သုတစာအုပ် ၄၅၀၊ ပညာရွှေတောင် စာအုပ်တိုက်က ငွေကျပ် ၂၀၂၅၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၁၀၇၅ အုပ်နှင့် ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်စာပေ)က ငွေကျပ် ၁၃ သိန်းခြောက်သောင်းတန်ဖိုးရှိ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခြောက်ကျောင်းအတွက် Sky Net ရုပ်သံဖမ်းစက်ခြောက်လုံးကို ကျောင်းအုပ်ကြီးများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း - လမ်းမတော်)၊ ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာချစ်စံ(ချစ်စံဝင်း) နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)တို့က ကျပန်းစကားပြောပြိုင်ပွဲ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ဗိုလ်တထောင်မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်နှင့် ရပ်ကွက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ဗိုလ်တထောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့ထံ ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ မသက်ဦးမေနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ မဖြူလှဲ့ကိုကိုတို့က ယှဉ်ပြိုင်ခဲ့မှုကို ပြန်လည်သရုပ်ပြသကြပြီး ဗိုလ်တထောင်မြို့နယ်ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပခဲ့မှု ဗီဒီယိုဓာတ်ပုံမှတ်တမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုပွဲတော်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက ငွေကျပ် ၂၀၉၅၀၀၀တန်ဖိုးရှိ စာအုပ်စာစောင် ၄၄၀၀၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းဂျာနယ်မျိုးစုံ ၆၈၃ အုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ငွေကျပ် ၄၆၆၂၀၀ တန်ဖိုးရှိ မဂ္ဂဇင်းဂျာနယ် ၁၉၁၄ အုပ်၊ Eleven Media Group က ငွေကျပ် ၃၈၁၆၀၀ တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၅၀၊ စိတ်ကူးချိုချိုစာပေတိုက်က ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ စာအုပ်စာစောင်များ၊ ပညာရွှေတောင် စာအုပ်တိုက်က ငွေကျပ် ၂၀၂၅၅၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၁၀၇၅ အုပ်၊ ဦးလှထွန်းအောင် (မောင်မောင်ထွန်းအောင်-ကျန်းမာရေး)က ငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၄၅၀၊ အလင်းသစ်စာပေက ငွေကျပ် ၁၀၂၅၀၀ တန်ဖိုးရှိ စာအုပ် ၆၀၊ မူဝံစာပေက ငွေကျပ် ၁၅၀၀၀၀တန်ဖိုးရှိ စာအုပ် ၁၀၂ အုပ်၊ ဆုပြည့်စုံထွန်းစာပေက ငွေကျပ် ၉၂၃၀၀ တန်ဖိုးရှိ စာအုပ် ၆၇ အုပ်နှင့် ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်စာပေ) က ငွေကျပ် ၁၃၆၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ အပါအဝင် စုစုပေါင်းငွေကျပ် ၉၄၉၃၁၀၀တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၁၀၅၅၁အုပ်တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)တို့သည် ကျေးရွာစာကြည့်တိုက်များတည်တံ့ခိုင်မြဲတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် စာပေဟောပြောပွဲများကျင်းပခဲ့သည်။ ဇန်နဝါရီ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် မန်ကျည်းစောက်ကျေးရွာတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ခင်ဦးမြို့နယ် အောင်သာကျေးရွာတွင်လည်းကောင်းကျင်းပရာ ကျေးရွာနေ ရွာသူ ရွာသားများနှင့် နီးစပ်ရာ ပတ်ဝန်းကျင်ကျေးရွာများမှ စာပေဝါသနာရှင်များ လာရောက်နားထောင်ခဲ့ကြကြောင်း သိရှိရသည်။

အလားတူပင် စာရေးဆရာ မြင်းမူမောင်နိုင်မိုးနှင့် မောင်ဆန္ဒ(လယ်ဝေး) တို့သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ၌ ဒီဇင်ဘာ ၉ ရက်က လည်းကောင်း၊ သုံးမြေဆိုင်ကျေးရွာ၌ ဒီဇင်ဘာ ၁၁ ရက်က လည်းကောင်း၊ အုတ်ပုံကျေးရွာ၌ ဒီဇင်ဘာ ၃၀ ရက်က လည်းကောင်း ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံ၍ စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိဘများအား ဦးထိပ်ထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဒေါက်တာဦးတင်ဦးနှင့် ဇနီးဒေါ်ခင်ဘုန်းဦး သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ် ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)
၂၃-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားဖို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၉။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၈:၃၀ ၁၀။ International News
၈:၄၀ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အတီးပြိုင်ပွဲ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၉။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (ဒုတိယတွဲ) (အပိုင်း-၃၆)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၁၉)
၁၉။ အိန္ဒိယရုပ်ရှင် **မုန်တိုင်းခရီး** (အပိုင်း-၁)
၂၀။ အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၂၁ရက်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို လှိုင်မြို့နယ် အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ပဉ္စမတန်း၌ ငါးနှစ်ဆက်တိုက်ပထမဆုရရှိသော မဆုခိုင်ဖြိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ပြုံးပြုံး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

ချစ်သောကမ္ဘာမြေ ခရီးဆက်ရှက်လွှင့်နိုင်ရေး---

ဦးဇေယျာကို (အမှုဆောင်အရာရှိချုပ်)
မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့
နိုင်ငံတကာရေးရာနက္ခတ်သိပ္ပံသင်တန်းကျောင်း

နှစ်ဟောင်းကာလတစ်ခုကို လွန်မြောက်ကျော်လွန်၍ နှစ်သစ်ခရီးစဉ်တစ်ခု မွေးဖွားမှုနိဒါန်းအစမှာ ကျွန်တော်တို့ ကမ္ဘာကြီးတွင် ခရစ်နှစ်များ ပေါ်ထွန်းလာပြီးနောက် ပုံမှန်စီးဆင်းနေသော အကြောင်းတစ်ရပ် ဖြစ်ပေသည်။ လွန်ခဲ့သည့် ၂၀၀၉ ခုနှစ် ကာလများဆီက ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာကြီးကို နိဂုံးချုပ်စေလိုသော ထိုးနှက်ချက်များမှာ ဆိုးရွားစွာ ပြင်းထန်လွန်းလှသည်။ ကြုံတောင့်ကြုံခဲ သတင်းဆန်းတစ်ပုဒ်ဖြစ်နေသည့်အတွက် ၂၀၁၂ ခုနှစ် ကျေးဇူးတော်ကြောင့် နေ့ချင်းညချင်း သူဌေးဖြစ်သွားသည့် ရုပ်ရှင်၊ စာပေမီဒီယာလုပ်ငန်းများကိုလည်း တွေ့နိုင်ပေလိမ့်မည်။ History ရုပ်သံလွှင့်ဌာနမှ ဆူမားရီးယန်းလူမျိုးများသုံးစွဲသော မာယာပြက္ခဒိန်၏ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် နောက်ပိုင်း ပြက္ခဒိန်ရက်စွဲများ မရှိတော့သည့် အကြောင်းအရင်းကိုအခြေခံ၍ နက္ခတ်သိပ္ပံပညာရပ်လမ်းကြောင်းပေါ်ရှိ ဝါသနာရှင်များ၏ ထင်မြင်ယူဆချက်၊ တွေ့ရှိဖော်ထုတ်ချက်များအရ ၂၀၁၂ ခုနှစ်၏ အနာဂတ်ကို စိတ်ဝင်စားဖွယ် ရိုက်ကူးထုတ်လွှင့်ပြသသွားခဲ့ပေသည်။ ထိုသတင်းဂယက်၏အရှိန်ကြောင့် အာကာသသိပ္ပံ ပညာရပ်ပိုင်းဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် အမေရိကန်အာကာသသိပ္ပံ (NASA)မှ အစပြု၍ နိုင်ငံတကာရှိ အာကာသသိပ္ပံနည်းပညာအဖွဲ့အစည်းများအတွက် မေးခွန်းပေါင်းများစွာ၏ အဖြေတစ်ရပ်ကို နေ့စဉ်နှင့်အမျှ တာဝန်ယူဖြေကြားပေးနေရပေသည်။ ထိုရုပ်သံလွှင့်ဌာနမှ ၂၀၁၂ ခုနှစ် သတင်းဇာတ်လမ်းရိုက်ကူးရေးအစီအစဉ်တွင် အမေရိကန်နာဆာမှ တာဝန်ရှိသူအကြီးအကဲများမပါရှိခြင်းမှာလည်း အံ့ဩဖွယ်ရာအချက်တစ်ချက် ဖြစ်နေပေတော့သည်။

ဂြိုဟ်နက္ခတ်ပညာရပ်တို့တွင် ကျွမ်းကျင်ပိုင်နိုင်သူများအဖြစ် သတ်မှတ်ခြင်းခံရသော ဆူမားရီးယန်းလူမျိုးများမှာ နတ်ဘုရားများကို ကိုးကွယ်ယုံကြည်ကြပြီး အတိတ်နိမိတ်များဖြင့် ကံကြမ္မာကို ဖတ်ကြားလေ့ရှိကြသည်။ ကောင်းကင်နက္ခတ် ကြယ်တာရာ လေ့လာမှုများတွင် မိမိတို့လူမျိုးများမှာ ကမ္ဘာပေါ်၌ ရှေးအကျဆုံးဟု လက်ခံယုံကြည်ထားပုံရပေသည်။ အဆိုပါလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုအရသုံးစွဲခဲ့သော မာယာပြက္ခဒိန်မှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အဆုံးသတ်ထားပြီး ဆက်လက်ရေးဆွဲဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် အတိတ်နိမိတ်များ ကောက်ယူ၍ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာပျက်ပြီဆိုသောအခြေအနေ တစ်ရပ်အဖြစ် ရောက်ရှိလာခဲ့ရပေသည်။

အရှေ့တိုင်းနက္ခတ်ပညာရပ် ပေါ်ပေါက်လာခဲ့သော နိဒါန်းသမိုင်းကို ပြန်လည်ဖော်ထုတ်ပါက လွန်ခဲ့သောနှစ်ပေါင်း (၅၀၀၀) ကျော် --- ဘုရားမပွင့်မီ နှစ်ပေါင်း(၂၅၀၀)အထက်တွင် ပေါ်ပေါက်လာခဲ့သည့် ပညာရပ်တစ်ခုဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အဆိုပါပညာရပ်ကို စတင်တီထွင်ဖန်တီးခဲ့သူများမှာ ဈာန်ရသူတော်စင်ရသေ့ကြီးများဖြစ်ကြ၍ ကမ္ဘာ၌ ဘုရားပွင့်တော်မူလာလျှင် ကြိုတင်သိရှိနိုင်ရန်အတွက် အဆင့်ဆင့် လက်ဆင့်ကမ်းသင်ကြားပေးခဲ့ကြောင်း ကျမ်းဂန်များတွင် ဖော်ပြထားပေသည်။ ယင်းခေတ်ကာလအခြေအနေသည် ကမ္ဘာပေါ်ရှိနက္ခတ်တာရာကြည့် မှန်ပြောင်းများမပေါ်ပေါက်သေးသည့်အတွက် ဂြိုဟ်များ၏ အရောင်အဆင်း၊ ရပ်တည်ရွေ့လျားနေမှု အခြေအနေများအား မဟာစကြဝဠာ တံတိုင်းအပြင်ဘက်သို့ ဈာန်ဖြင့်ပျံသန်းပြီး လေ့လာရှာဖွေဖော်ထုတ်ခဲ့သည်ဟု ယုံကြည်ယူဆရပေသည်။

Solstice Point သို့ ကမ္ဘာရောက်ရှိနေပုံ



နေနှင့်ကမ္ဘာနဂါးငွေ့တန်းဗဟိုချက်ဖြင့် တစ်တန်းတည်းကျရောက်နေသောပုံ



BC ၃၁၀၁ ဧပြီလ(၅)ရက်၌ စကြဝဠာအတွင်း ဂြိုဟ်များ တစ်တန်းတည်းရပ်တည်ခဲ့ပုံ

ထူးခြားမှုအနေဖြင့် အဆိုပါရသေ့ကြီးများ ရှာဖွေဖော်ထုတ်ခဲ့သော ဂြိုဟ်များ၏အခြေအနေအားလုံးသည် ယနေ့ခေတ်နက္ခတ်သိပ္ပံပညာရှင်များ ဖော်ထုတ်သတ်မှတ်ထားသော စံနှုန်းများဖြင့် အံ့ဩလောက်အောင် တိုက်ဆိုင်မှုရှိကြောင်း တွေ့ရပေလိမ့်မည်။

သို့ဖြစ်၍ အရှေ့တိုင်းဒေသမှစတင်ပြီး နက္ခတ်သိပ္ပံပညာရပ်များသည် ကမ္ဘာ့နယ်မြေဒေသအရပ်ရပ်သို့ ပျံ့နှံ့ရောက်ရှိသည်ဟု အာရှမဇ္ဈိမဒေသပညာရှင်များကလည်း ဂုဏ်ယူဝင့်ကြွား သတ်မှတ်လိုကြပေသည်။ ကမ္ဘာပေါ်တွင် ဆူမားရီးယန်းလူမျိုးများသာ နက္ခတ်ပညာစတင်သူ၊ ကျွမ်းကျင်တတ်မြောက်သူများမဟုတ်သည့်အပြင် အရှေ့တိုင်းမှ နက္ခတ်ပညာရပ်၏ ပေါ်ပေါက်ထွန်းကားမှုများမှာ ယင်းတို့၏ရှေ့တွင် ရှိနေနိုင်ကြောင်း ငြင်းချက်ထုတ်မည်ဆိုက ထုတ်နိုင်ပေလိမ့်မည်။

ဆက်လက်၍ ကမ္ဘာကြီးကို ပျက်စီးပျောက်ကွယ်သွားစေလိုသည့် ပထမသတင်းတစ်ရပ်မှာ နီဘာရူးဂြိုဟ်အဖြစ် အမည်ပေးထားသော (Planet X Nibiru) မှ စတင်ပေါ်ပေါက်လာခဲ့ပေသည်။ ကမ္ဘာကြီးအား ဖြိုခွဲဖျက်ဆီးရန် အနန္တစကြဝဠာအတွင်း ကြွေးကြော်ကြုံးဝါးနေသော နီဘာရူးဂြိုဟ်အား အမေရိကန် အာကာသသိပ္ပံနာဆာမှ ၁၉၈၃ ခုနှစ်တွင် စတင်သတိပြုမိခဲ့ပြီး Planet X Nibiru အဖြစ် အမည်သတ်မှတ်ပေးခဲ့၍ ယင်းဂြိုဟ်အနေဖြင့် နေကို တစ်ပတ်ပတ်မိရန် နှစ်ပေါင်း (၃၆၀၀) ကြာနိုင်သည်ဟု တွက်ချက်သတ်မှတ်ထားပေသည်။ အဆိုပါဂြိုဟ်၏အရွယ်အစားမှာ ကမ္ဘာ၏ အရွယ်အစားထက်(၁၁)ဆခန့်ကြီးမားသော ကြာသပတေးဂြိုဟ်ခန့်ရှိနေပြီး အနီရောင်ဘက်သို့ သမ်းနေကြောင်း ထင်မြင်ယူဆကြသည်။ ဂြိုဟ်ပတ်လမ်းအား အချို့ပညာရှင်များက ကြာသပတေးနှင့် အင်္ဂါဂြိုဟ်ကြားရှိ စကြဝဠာဟင်းလင်းပြင်မှာ ရှိနိုင်သည်။ အချို့ကလည်း နေနှင့် ကမ္ဘာကြားမှာရှိလိမ့်မည်ဟု သုံးသပ်ကြပါသည်။ ကြာသပတေးဂြိုဟ်အရွယ်အစားလောက်သာရှိနေသော နီဘာရူးဂြိုဟ်အနေဖြင့် နေမင်းနှင့်ယှဉ်လိုက်ပါက လွန်စွာသေးငယ်သော အခြေအနေသို့ ရောက်ရှိသွားကြောင်း တွေ့နိုင်ပါလိမ့်မည်။ အကယ်၍ နေမင်းအရွယ်အစား ထက်ဝက်ခန့်ရှိသော ဂြိုဟ်တစ်လုံးဖြစ်နေပြီး နေမင်းကဲ့သို့ ပူပြင်းတောက်လောင်သော စွမ်းအင်သတ္တိများ ထုတ်လွှတ်ပေးသော ဂြိုဟ်အမျိုးအစားဖြစ်နေပါက ကောင်းကင်တွင် နေနှစ်စင်းပေါ်သည်နှင့် အလားသဏ္ဌာန်တူညီသည့်အတွက် ကမ္ဘာတွင် ပျက်စီးဆုံးရှုံးမှုများ တွေ့ကြုံနိုင်ပေသည်။ ယင်းဂြိုဟ်အနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာကြီးအား လာရောက်တိုက်ခိုက်မိသည့်အတွက် ကမ္ဘာကြီးတွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်၍ ကမ္ဘာကြီးပျောက်ကွယ်သွားနိုင်ကြောင်းကိုလည်း မာယာပြက္ခဒိန်ကို အခြေပြုပြီး ဆူမားရီးယန်းလူမျိုးများက တွက်ချက်ထားသယောင်ပြောဆိုကြသည်။ ယခုဖြစ်စဉ်အား နက္ခတ်သိပ္ပံနည်းပညာအမြင်ဖြင့် ရှုမြင်သုံးသပ်ကြည့်ပါက ဖြစ်နိုင်ခြေ(လုံးဝ)မရှိသည့်အကြောင်းအား နာဆာမှ အောက်ပါအတိုင်း ရှင်းတမ်းထုတ်ထားပေသည်။

နီဘာရူးဂြိုဟ်အား ၁၉၈၃ ခုနှစ်၌ (၁၀)လတာလေ့လာမှုများ ဆောင်ရွက်ပြီး အနီအောက်ရောင်ခြည်စွမ်းအား အရင်းအမြစ်များကို ရှာဖွေတွေ့ရှိခဲ့ပေသည်။ ထိုသို့တွေ့ရှိခဲ့သော ဂြိုဟ်သည် အမှန်တကယ်မရှိကြောင်း၊ ပလူတိုကဲ့သို့ ဂြိုဟ်ပု (Dwarf Planet) အဖြစ် ပြောဆိုသူများလည်း ရှိကြသည်။ အချို့က နီဘာရူးအား အဲရစ် (Eris) အဖြစ်သတ်မှတ်၍ ကမ္ဘာဘက်သို့ အနီးကပ်ဆုံး မိုင်ပေါင်းလေးကုဋေထိ ရောက်ရှိလာနိုင်ကြောင်း တွက်ချက်ပြောဆိုကြသည်။ နီဘာရူးဂြိုဟ် အမှန်တကယ်ရှိပြီး ကမ္ဘာကြီးနှင့် နီးကပ်လာခဲ့ပါက လွန်ခဲ့သော (၁၀)စုနှစ်လောက်မှစတင်၍ ကမ္ဘာပေါ်ရှိ နက္ခတ်ပညာရှင်များ လေ့လာတွေ့ရှိထောက်လှမ်းနိုင်ပေလိမ့်မည်။ ယခုအချိန်ထိ ကမ္ဘာ့မိုးကောင်းကင်တွင် နီဘာရူးဂြိုဟ်ကို မတွေ့မြင်ရသဖြင့် နီဘာရူးဂြိုဟ် အမှန်တကယ်မရှိကြောင်း ကျွန်တော်တို့ လက်ခံရပေမည်။

ကျွန်တော်တို့နေထိုင်သောကမ္ဘာအား နီဘာရူးဂြိုဟ်ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် ကမ္ဘာကြီးအား ကြယ်တံခွန်ဂြိုဟ်ပဲ့၊ ဥက္ကာပျံစသော အရာဝတ္ထုများအနေဖြင့် ဝင်ရောက်တိုက်ခိုက်မိသည့်ဖြစ်စဉ်မျိုး ပေါ်ပေါက်ခဲ့ဖူးကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း(၆၅)သန်းခန့်က ဒိုင်နိုဆောသတ္တဝါများ ပျောက်ကွယ်သွားလောက်သည်ထိ ပြင်းထန်ကြီးမားသော တိုက်ခိုက်မှုဖြစ်စဉ်မျိုး ဖြစ်ပေါ်ခဲ့ခြင်းအား မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ သို့သော်ငြားလည်း မိမိတို့လက်ရှိနေထိုင်သော ကမ္ဘာကြီးသည် ယခုအချိန်ထိ နှစ်ပေါင်းကုဋေ (၄၀၀၀)ကျော် တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်သည့်အတွက် စိုးရိမ်စရာအခြေအနေ(လုံးဝ)မရှိကြောင်း နာဆာမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသွားခဲ့သည်။ ၂၀၁၁ နောက်ဆုံးလေ့လာဆန်းစစ်ချက်များအရ (Planet X Nibiru) သည် ကမ္ဘာကြီးအတွက် အန္တရာယ်အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိနိုင်ကြောင်း နိုင်ငံတကာရှိ နက္ခတ်သိပ္ပံပညာရှင်များ လက်ခံအတည်ပြုထားပြီးဖြစ်ပေသည်။ (Planet X Nibiru)နှင့် ပတ်သက်၍ စိတ်ကူးယဉ်ဆန်ဆန် ပုံဖော်ထားသော ဂြိုဟ်ပတ်လမ်းကြောင်း သရုပ်ပြပုံများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

ဆက်လက်၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ထပ်မံတုန်လှုပ်စေသော အကြောင်းကဏ္ဍတစ်ရပ်ကို တင်ပြဆွေးနွေးသွားပါမည်။

ကျွန်တော်တို့နေထိုင်သော ကမ္ဘာကြီးသည် စကြဝဠာ ဟင်းလင်းပြင်အတွင်း စတင်ပေါ်ထွန်းချိန်မှစတင်၍ တစ်နှစ်လျှင် ပုံမှန်



နီဘာရူးဂြိုဟ် ဖြတ်သန်းသွားမည့် ဂြိုဟ်ပတ်လမ်းကြောင်းပြပုံ



ကမ္ဘာနှင့်နီဘာရူးဂြိုဟ်ထိပ်တိုက်တွေ့ဆုံနိုင်ပုံ

နှစ်ကြိမ် နေဖြင့်ယှဉ်တွဲ၍ နဂါးငွေ့တန်းဗဟိုချက်အား တစ်တန်းတည်း ကျရောက်လေ့ရှိပါသည်။ အဆိုပါဖြစ်စဉ်အား Galaxy Alignment ဖြစ်စဉ်ဟုခေါ်ဆိုပြီး နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလများ၌ ပုံမှန်ဖြစ်ပေါ်တတ်ပါသည်။ ဇွန်လအတွင်း၌ ကမ္ဘာသည် Summer Solstice Point သို့ ရောက်ရှိပြီး Galaxy Alignment ဖြစ်စဉ်ကို ဖြစ်ပေါ်စေပါသည်။ နှစ်စဉ် ဒီဇင်ဘာလအတွင်း ကမ္ဘာသည် Winter Solstice Point သို့ရောက်ရှိပြီး အဆိုပါ ဖြစ်စဉ်အား ဒုတိယအကြိမ်မြောက် ဖြစ်ပေါ်စေပါသည်။ အဆိုပါ ဖြစ်စဉ်နှစ်ရပ်အနက်မှ ဒီဇင်ဘာလဖြစ်စဉ်ကိုကိုးကား၍ "၂၀၁၂ ဒီဇင်ဘာ ၂၁ ရက်တွင် ကမ္ဘာသည် နဂါးငွေ့တန်းဗဟိုချက်နှင့် တစ်တန်းတည်း ကျရောက်မှုကြောင့် ယင်း၏ဆွဲငင်အားကြောင့် ကမ္ဘာအပါအဝင် ဂြိုဟ်အားလုံး တစ်တန်းတည်း ရပ်တည်သော ဖြစ်စဉ်ပေါ်ပေါက်ပြီး အဆိုပါဂြိုဟ်အားလုံးမှ ကမ္ဘာအားဆွဲငင်ခြင်းကြောင့် ကမ္ဘာတွင် တွန်းကန်အားနှင့် ဆွဲငင်အားများပြောင်းလဲပြီး ကြီးမားသောသဘာဝဘေးအန္တရာယ်များပေါ်ပေါက်၍ ကမ္ဘာကြီးပျက်စီးသွားမည်" ဟူ၍ ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အမှန်တကယ်ဖြစ်ပေါ်နိုင်ခြင်း ရှိ၊ မရှိ ရှာဖွေဆန်းစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ကျွန်တော်တို့နေထိုင်ရာကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်းပါရှိသော ဂြိုဟ်တစ်လုံးဖြစ်ပြီး ကျွန်ုပ်တို့၏ နေစကြဝဠာအဖွဲ့အစည်း၌ Andromeda အမည်ရ Milky Way Galaxy (နဂါးငွေ့တန်းဂလက်ဆီ)တစ်ခုပါဝင်ကာ ယင်းနဂါးငွေ့တန်းသည် ကျွန်ုပ်တို့နှင့်အလင်းနှစ်ပေါင်း တစ်သန်းခွဲခန့်အကွာအဝေး၌ တည်ရှိနေပေသည်။ အလင်းရောင်၏ အမြန်နှုန်းသည် တစ်စက္ကန့်လျှင် မိုင် ၁၈၆၃၀၀ ဝေးကွာသည့်အတွက် အလင်းနှစ်တစ်နှစ်လျှင် မိုင်ပေါင်း ၅၈၇၅၁၅၆၈၀၀၀၀၀ ထိ ဝေးကွာလှပေရာ အလင်းနှစ်ပေါင်း တစ်သန်းခွဲအတွက် မိုင်ကုဋေကုဋာပေါင်းများစွာ ဝေးကွာနေပေလိမ့်မည်။ နေနှင့် ကမ္ဘာသည် နဂါးငွေ့တန်းဂလက်ဆီ၏ ဗဟိုချက်ဖြင့် နှစ်စဉ်ဇွန်လတွင် တစ်ကြိမ်၊ ဒီဇင်ဘာလတွင်တစ်ကြိမ် ပုံမှန်တစ်တန်းတည်း ကျရောက်လေ့ရှိပြီး အဆိုပါဖြစ်စဉ်သည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာဖြစ်ခြင်းကြောင့် နက္ခတ်သိပ္ပံရှုထောင့်အမြင်အရ ထူးခြားသော အကြောင်းအချင်းအရာမဟုတ်ပေ။ အထက်ပါအကြောင်းကိုစွဲအားအခြေပြု၍ နဂါးငွေ့တန်းဗဟိုချက်နှင့် ကမ္ဘာ တစ်တန်းတည်း ကျရောက်ချိန်တွင် ယင်း၏ဆွဲငင်အားကြောင့် ကမ္ဘာနှင့်ဂြိုဟ်များ တစ်တန်းတည်းဖြစ်ပေါ်ပြီး ကမ္ဘာတွင် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းကို အများပြည်သူ ထိတ်လန့်ဖွယ်သတင်းများအဖြစ် ဖန်တီးထုတ်ပြန်ထားပေသည်။ ယင်းနေ့ရက်မှာ ကမ္ဘာနှင့် နဂါးငွေ့တန်းဗဟိုချက် တစ်တန်းတည်းဖြစ်ပေါ်သော ၂၀၁၂ ဒီဇင်ဘာ ၂၁ ရက်နှင့် တိုက်ဆိုင်ကိုက်ညီရန် စီမံထားသည်ကို တွေ့နိုင်ပေလိမ့်မည်။

ကျွန်တော်တို့ နေထိုင်သော ကမ္ဘာကြီးအတွင်း ကမ္ဘာအပါအဝင် ဂြိုဟ်များအားလုံး တစ်တန်းတည်းကျရောက်ခဲ့သောဖြစ်စဉ်မှာ ကလိယုဂ်စတင်ခဲ့သော ခရစ်တော်မပေါ်ပေါက်မီ BC ၃၁၀၁ ခုနှစ် ဧပြီ ၅ ရက်၌ ပေါ်ပေါက်ခဲ့ကြောင်း ဂြိုဟ်သွား ဂြိုဟ်လာ တွက်ကိန်းများအရ တွေ့ရှိရပါသည်။ အဆိုပါကာလသည် ဂေါတမဘုရားရှင် ပွင့်တော်မူရန်အတွက် နှစ်ပေါင်း (၂၄၀၀) ကျော်ခန့် အကွာတွင် ဖြစ်ပေသည်။ ထိုကဲ့သို့ ဂြိုဟ်များရပ်တည်ရန် အနေအထားအား နောင်အနာဂတ် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရမည်ဖြစ်ပေသည်။ အဆိုပါကာလတွင် ထိုကဲ့သို့ ဂြိုဟ်အားလုံး၏ ပူးယှဉ်မှုကြောင့် မည်သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်ကို သမိုင်းမှတ်တမ်းများ မကျန်ရစ်သည့်အတွက် မသိရှိနိုင်ခဲ့ပါ။

သို့သော်လည်း ၂၀၁၂ ခုနှစ်အတွင်း အဆိုပါဂြိုဟ်အားလုံး၏ ပူးယှဉ်မှုဖြစ်စဉ်(လုံးဝ) မဖြစ်ပေါ်နိုင်ကြောင်းကို ဂြိုဟ်သွား တွက်ကိန်းများဖြင့် အဖြေရှာသိရှိနိုင်ပေသည်။ အထူးသဖြင့် မိုင်ကုဋေပေါင်းများစွာ ဝေးကွာသော နဂါးငွေ့တန်းဗဟိုချက်မှ ဆွဲငင်အားသည် နေစကြဝဠာအဖွဲ့အစည်းအတွင်း ကမ္ဘာအပါအဝင် ဂြိုဟ်များ၏သွားလာမှု ဂြိုဟ်ပတ်လမ်းကြောင်းအား ပြောင်းလဲရန်အတွက် စွမ်းဆောင်နိုင်မည် မဟုတ်ပေ။ ကမ္ဘာအပါအဝင် ဂြိုဟ်အသီးသီးသည် နေမင်း၏ဆွဲငင်လွှမ်းမိုးမှုအရှိန်ကြောင့် နေနှင့်အနီးအဝေး၊ ဂြိုဟ်တို့၏အရွယ်အစားအပေါ်မူတည်၍ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရွေ့လျားသွားလာနေရပြီး နေကို တစ်ပတ်ပတ်မိချိန် အချိန်ကာလများသည် တစ်ခုနှင့်တစ်ခု မတူညီကြပေ။ နေနှင့်အနီးဆုံး ဂြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးဂြိုဟ်သည် နေကို ၈၈ ရက်တာ ကာလအတွင်း တစ်ပတ်ပတ်နိုင်၍ ကမ္ဘာမှ နေကို တစ်ပတ်ပတ်မိရန် ရက်ပေါင်း ၃၆၅ ရက်ခန့် ကြာမြင့်ပေလိမ့်မည်။ အလားတူစွာ နေနှင့်အဝေးဆုံးတွင်ရှိသော ပလူတိုဂြိုဟ်မှာ နေအား တစ်ပတ်ပတ်မိရန် နှစ်ပေါင်း (၂၄၈) နှစ်ခန့် ကြာမြင့်ပေသည်။

အဆိုပါ ဆွဲငင်မှုအခြေခံသဘောတရားအရ မိမိတို့ကမ္ဘာနှင့် အခြားသောဂြိုဟ်များကို နေစကြဝဠာအတွင်းရှိ အရွယ်အစားအကြီးမားဆုံးဖြစ်သော နေမင်းသည်ပင်လျှင် အကွာအဝေးနှင့်အရွယ်အစားသီအိုရီကို ကျော်လွန်၍ မိမိစိတ်တိုင်းကျ စိုးမိုးခြယ်လှယ်ခွင့် မရရှိနိုင်ပေ။ နေစကြဝဠာဖြင့် များစွာ အလှမ်းကွာဝေးသော နဂါးငွေ့တန်းဗဟိုချက်မှ ကျွန်ုပ်တို့ နေစကြဝဠာအဖွဲ့အစည်းအား အန်တုစိန်ခေါ်နိုင်ခွင့်ရှိ၊ မရှိကို စာဖတ်သူများ စဉ်းစားချိန်ဆနိုင်ပေလိမ့်မည်။

အရှေ့တိုင်းနက္ခတ်ပညာရပ်ဝန်း၌ ထင်ပေါ်ကျော်ကြားသော သူရိယသိဒ္ဓန္တနက္ခတ်ကျမ်းတွင် ကမ္ဘာကြီး၏ သက်တမ်းအား တွက်ချက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါကျမ်းကို 'မယ'အမည်ရှိ အသူရာနက္ခတ်ဆရာမှ ရေးသားသည်ဟု ယူဆရပေသည်။ အာဆီးရီးယား(သို့) ဘေဘီလိုးနီးယားတိုင်းပြည်များသည် ဂရိနှင့် ရောမပြည်များ မထွန်းကားမီ တိုးတက်ထွန်းကားခဲ့ခြင်းကြောင့် 'မယ' အသူရာသည် အာဆီးရီးယန်း(သို့)ဘေဘီလိုးနီးယန်းတစ်ဦး ဖြစ်နိုင်ပေသည်။ ကျမ်းအားမည်သည့်ကာလ၌ ရေးသားခဲ့ခြင်းကို အတိတကျ မသိရှိရသော်လည်း တွက်ချက်ကိန်းများသည် များစွာသိပ္ပံနည်းကျ၍ ခေတ်ရှေ့ပြေးသော ကျမ်းတစ်ဆူဖြစ်ပေသည်။ အဆိုပါကျမ်း ကမ္ဘာကြီး၏ သက်တမ်းကိုတွက်ချက်နိုင်သည့် သင်္ချာစနစ်တစ်ခုအား ထည့်သွင်းဖော်ပြပေးထားသည်။ အဆိုပါစနစ်တွင် ကမ္ဘာကြီး၏ သက်တမ်းအား ကပ်တစ်ကပ်ဖြင့် ဖွဲ့စည်းထားပြီး စတုယုဂ်ပေါင်း ၁၀ ဖြင့် ညီမျှပေသည်။ စတုယုဂ်တစ်ခုတွင် နှစ်ပေါင်း (၄၃၂၀၀၀၀)လေးသန်းသုံးသိန်းနှစ်သောင်း ပါဝင်၍ စတုယုဂ်တစ်ခုအား ယုဂ်လေးပါးဖြင့် တည်ဆောက်ထားသည်။

ပါဝင်သော ယုဂ်အမည်များနှင့် သက်တမ်းကာလများမှာ ကတယုဂ် (Golden Age) ၁၇၂၈၀၀၀ နှစ်၊ တြေတြယုဂ် (Silver Age) ၁၂၉၆၀၀၀ နှစ်၊ ဒွါပရယုဂ် (Brazen Age) ၈၆၄၀၀၀နှစ်၊ ကလိယုဂ် (Iron Age) ၄၃၂၀၀၀ နှစ်တို့ ဖြစ်ကြသည်။ ယခုလက်ရှိ ရောက်ရှိနေသော ခေတ်ကာလမှာ ကလိယုဂ်ကာလဖြစ်ပြီး ယင်းယုဂ်ကို BC ၃၁၀၁ မှာ စတင်ခဲ့၍ မိဿရာသီ၌ ဂြိုဟ်အားလုံး စုစည်းရပ်တည်ချိန်၊ နေကြွတ်ချိန်ဖြင့် စတင်ခဲ့ကြောင်း တွေ့ရပေလိမ့်မည်။ ကျွန်တော်တို့နေထိုင်သော ကမ္ဘာကြီးသည် ကလိယုဂ်၏ သက်တမ်း (၅၁၁၃)နှစ် အားဖြတ်ကျော်ပြီးချိန်ဖြစ်သည့်အတွက် ယင်းယုဂ်ကုန်ဆုံးရန်အတွက် (၄၂၆၈၈၇)နှစ် ကျန်ရှိနေပေသည်။ ကလိယုဂ်၏ သက်တမ်းကုန်ဆုံးပြီးသွားပါက ကတယုဂ်မှ ပြန်စရမည်ဖြစ်သည့်အတွက် ကမ္ဘာကြီး၏ ကြီးမားသော ပြောင်းလဲမှုအခြေအနေများ ထူးခြားစွာဖြစ်ပေါ်၍ လူ့သမိုင်းကြောင်းယဉ်ကျေးမှုများအား အသစ်မှတစ်ဖန် ပြန်လည်တည်ဆောက် စတင်ရမှုများ ဖြစ်ကောင်းဖြစ်လာနိုင်ပေသည်။ သို့ဖြစ်၍ ကမ္ဘာကြီး၏သက်တမ်းသည် သူရိယသိဒ္ဓန္တနက္ခတ်ကျမ်း တွက်ကိန်းအရ နှစ်ပေါင်း လေးသိန်းကျော် ကျန်ရှိနေပေသည်။

လောက၏ နိယာမသဘောအရ သက်ရှိများ၌ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများရှိသကဲ့သို့ ကျွန်တော်တို့ကမ္ဘာမြေမှာလည်း နုပျိုလန်းဆန်းသော ကမ္ဘာမြေဆီမှ အိုမင်းရင့်ရော်အရောင်တွေပြောင်းလဲသွားမည့် ကမ္ဘာအိုအသွင်သို့ တစ်နေ့သောအချိန်၌ ရောက်ရှိသွားရပေလိမ့်မည်။ ၁၈၀၀-၁၉၀၀ ပြည့်နှစ် ကမ္ဘာကြီး၏ ရာသီဥတုစိမ်းလန်းငြိမ်းချမ်းမှု၊ အပူဒဏ်အခြေအနေနှင့် ၂၀၀၀ ပြည့်နှစ် ၂၁၀၀ ပြည့်နှစ်ကမ္ဘာကြီး၌ ဖောက်ပြန်ပြောင်းလဲလာသောရာသီဥတု၊ တိုးမြင့်လာသော အပူဒဏ်အခြေအနေများသည် ဘုရားရှင်ဟောကြားတော်မူခဲ့သော ဆုတ်ကပ်သို့ ခရီးနှင်နေချိန်ကြောင့် ဖြစ်ပေသည်။ ၂၀၁၂ ၏ ခုနှစ် ရထားကြီးမှာ ကျွန်တော်တို့ လူသားတွေဆီသို့ ဖြည်းဖြည်းနှင့်မှန်မှန် ခုတ်မောင်းလို့လာနေပါပြီ။ စိုးရိမ်ပူပန်မှု လွန်ကဲသူအချို့၏ တုန်လှုပ်ချောက်ချားဖွယ် စကားလုံးခါးခါးများအား မိမိတို့၏မြင့်မားသော အသိဉာဏ်ပညာများဖြင့် စဉ်းစားချင့်ချိန် ဝေဖန်သုံးသပ်ပြီးမှ ၂၀၁၂ ကို ရဲရဲဝံ့ဝံ့ ဖြတ်ကျော်သင့်ပေသည်။ တစ်နည်းအားဖြင့် အသိ၊ သတိ၊ မေတ္တာတရားများဖြင့် ပတ်ဝန်းကျင်စိမ်းလန်းမှုကို ထိန်းသိမ်းကူညီ၍ ၂၀၁၂ မှ . . . အသင်္ချေအနန္တ တည်တံ့သည်ထိ ချစ်သောကမ္ဘာမြေ ခရီးဆက်ရှက်လွှင့်နိုင်ရေးအတွက် ဝိုင်းဝန်းဖေးမ စောင့်ရှောက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ပုဂံမြို့ အာနန္ဒာဘုရားပွဲတော်ဈေးကြီးတွင် စိမ်းစားဥများလှိုင်လှိုင်ဝင်ရောက် ရောင်းချလျက်ရှိ

ညောင်ဦး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံအာနန္ဒာဘုရားပွဲတော်ဈေးအတွင်း၌ စိမ်းစားဥများ လှိုင်လှိုင်ရောင်းချလျက်ရှိသည်။ လာရောက်၍ ရောင်းချသောဈေးသည်များမှာ မြင်းခြံမြို့မြောက်ဘက်ကျွန်းပေါ်မှ အများဆုံးဖြစ်ပြီး စိမ်းစားဥတွဲများကို လှေ၊ သမ္ဗန်များပေါ်တင်ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်း၍ ရောင်းချကြသည်။ အပြန်တွင် လှေ၊ သမ္ဗန်များကို ဧရာဝတီမြစ်ရေတွင် ပြန်၍ဆန်တက်နိုင်ရန် ခက်ခဲမှုကြောင့် အချို့လှေ၊ သမ္ဗန်များကိုလည်းထိုက်သင့်သည့် ဈေးနှုန်းနှင့် ရောင်းချခဲ့ကြသည်။ **(အပေါ်ပုံ)**

စိမ်းစားဥပင်များသည် နုန်းတင်မြေနုဒေသများ၌ အဖြစ်များပြီး မြစ်ရေကျသည်နှင့် တစ်ပြိုင်တည်း စိုက်ပျိုးကြသည်။ စိုက်ပျိုးပြီး စိမ်းစားဥများကို ဆောင်းလဖြစ်သော နတ်တော်၊ ပြာသို၊ တပို့တွဲလများတွင် ဖော်ယူရောင်းချကြောင်း မြင်းခြံမြောက်ဘက် ကျွန်းဖြစ်သော နွဲ့နီကျွန်းကျေးရွာမှ စိမ်းစားဥစိုက်၍ ရောင်းချသည့် တောင်သူတစ်ဦးထံမှ သိရှိရသည်။

စိမ်းစားဥတစ်ပိဿာတွဲ တစ်တွဲကို ငွေကျပ် ၂၅၀ မှ ၃၀၀ ဝန်းကျင် ရောင်းချကြောင်း၊ စိမ်းစားဥမှာ မြေကြီးထဲမှ ယခုဖော်ယူ၊ ယခုစားသုံးလို့ရသည့် ဥတစ်မျိုးဖြစ်၍ လူတိုင်းကြိုက်သော အစာတစ်ခုဖြစ်ကြောင်း၊ အစားများလွန်း၍ ဘေးဥပဒ်အန္တရာယ်မရှိဘဲ များများစားလျှင် ဆီးများများသွားကြောင်း စိမ်းစားဥအရောင်းဈေးသည်တစ်ဦးက ပြောကြားသည်။

ဦးကျော်ငွေး(ညောင်ဦးမြို့)

မွေးမြူရေးထုတ်ကုန်ပစ္စည်းဈေးကွက်ဆိုင်ရာ ပုသိမ်မြို့နယ်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအစဉ်များအရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိရာ မွေးမြူရေးထုတ်ကုန်ပစ္စည်းဈေးကွက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၁ ရက်က ပုသိမ်မြို့ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ အဆိုပါဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်မောင်အေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ အသားတိုးကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ကြက်ဥ၊ ဘဲဥ ရောင်းဝယ်ဖောက်ကားသူများက မွေးမြူရေးထုတ်ကုန် ဈေးကွက်ဆိုင်ရာ အခြေအနေများနှင့်အစုအဖွဲ့များမှ ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါကျောင်း ခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးလှရွှေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးရီ(ပညာရေး)က ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (ပညာရေး)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မေတ္တာရပ်ကွက် ဗိုလ်ရွဲလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နောင်ချို၌ နိုင်ငံခြားနို့စား ဖရီ့ရှန်နွားမျိုး မွေးမြူအောင်မြင်

နောင်ချို ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းနှင့် နို့စားနွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားနို့စား ဖရီရှန်နွားမျိုး၊ နွားသိုးငယ်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ မွေးမြူအောင်မြင်လျက်ရှိရာ နွားမွေးမြူသူအစုအဖွဲ့ဝင်များထံ အဆိုပါနွားမျိုးများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီက နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီး၊ ပြည်နယ် ဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်လှရွှေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းမင်းထွဋ်တို့ တက်ရောက်ကြပြီး မြို့နယ်နွားမွေးမြူရေးအစုအဖွဲ့များသို့ နိုင်ငံခြား နို့စား ဖရီရှန်နွားမျိုး နွားသိုးလေးကောင် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ဝဇိရ)**

တံတားဦး(အထက) အာစရိယပူဇော်ပွဲ ကျင်းပ

တံတားဦး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက သူငယ်တော်တောရကျောင်း လင်းရတနာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းသူနှင့် အတွင်းရေးမှူး ဦးစိုးမိုးအောင်တို့က လုပ်ငန်းဆောင်ရွက်ချက်များနှင့်ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်းများကိုယ်စား ဦးအောင်လွင် (ညွှန်ကြားရေးမှူး၊ အထက်မြန်မာပြည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန) နှင့် ကျောင်းသူဟောင်း ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စိန်ဝင်း(မန္တလေးဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာန၊ မန္တလေးသွေးလှူဘဏ်) တို့က ဂုဏ်ပြုစကားပြောကြားကာ ဆရာကြီး ဦးသန်းမောင်နှင့် ဆရာမကြီး ဒေါ်နုနုစိန်တို့က ဩဝါဒစကားမိန့်ကြားကြသည်။ ထို့နောက် ဆရာ၊ ဆရာမကြီးများအား အလှူငွေနှင့်ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရှိရသည်။ **(ဝ၄ဝ)**

တိရစ္ဆာန်ကူးစက်ရောဂါများကြိုတင်ကာကွယ်ရေး ဟောပြော

မိုးညှင်း ဇန်နဝါရီ ၂၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် မိုးညှင်းမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းဦးက တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သော ကြက်ငှက်တုပ်ကွေးရောဂါများ၊ ဝက်နားရွက်ပြာရောဂါများ၊ ဝက်ဝမ်းကျရောဂါ၊ ခွေးရူးရောဂါ၊ ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ၊ ခွာနာရှာနာရောဂါနှင့်ပေါင်ပုပ်၊ လက်ပုပ်ရောဂါများ ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းအကြောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

မီးဘေးကြိုတင်ကာကွယ်ရေး မိုးကောင်း၌ ဆောင်ရွက်

မိုးကောင်း ဇန်နဝါရီ ၂၂

မိုးကောင်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ စာသင်ကျောင်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲကို မိုးကောင်းမြို့ အထက(၁) မဥ္ဇူသကခန်းမ၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူးဦးဟန်စိုးက မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောသည်။

အလားတူ ဟောပြောပွဲကို အထက (၂) ရတနာခန်းမ၌ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၂

မိုင်းဆတ်၌ အလင်းရောင် ကျေးရွာစာကြည့်တိုက်ဖွင့်

*ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် ကုန်းကုလားကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်အေး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးလှငွေးနှင့်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဟာဂျီးရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)***

ဆက်လက်၍ စာအုပ်စာစောင်များ၊ မီဒီယာပစ္စည်းများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးလှငွေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၄ပေ၊ အနံ ၁၄ပေဖြစ်ပြီး နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် စေတနာရှင်ပြည်သူများက ပါဝင်လှူဒါန်းငွေကျပ် ၁၈သိန်းဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မူဆယ်မြို့နယ်၌ ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် အထက(၁)၊ အထက(၂)၊ အထက (ခွဲ) ကျောင်းများ၌ ပညာရေးစုံညီပွဲတော်နှင့် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်က အမှာစကားပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်ဦးမွန်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာသုတဘဏ် စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါ်မာကြူမြင့်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးထွန်းဝင်း၊ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစိန်ညွန့်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကေသွယ်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် စုံညီပွဲတော်အခမ်းအနားကို ဆက်လက်ကျင်းပရာ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အလှူရှင်များအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ မြန်မာစာ

မင်္ဂလာပါတပည့်တို့-

ဒီကနေ့ပို့ချမှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် ""မြန်မာစာမေးခွန်းလွှာ"" ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ ပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားများအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။

တက္ကသိုလ်ဝင်မြန်မာစာမှာ ပြဋ္ဌာန်းစာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့ မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာစကားပြေလက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ဖြစ်ပါတယ်။ ပထမအနေနဲ့ စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ ကျောင်းသားများဟာ မြန်မာစာ မေးခွန်းပုံစံကို လေ့လာသိရှိထားဖို့လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး(၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ အလင်္ကာ (၁)ပုဒ်၊ ကဗျာဓမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေဓမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။ အဲဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများပါဝင်မှာဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။

ပုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခုဖြေရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ မင်စာစတဲ့ စာအမျိုးမျိုး၊ ဗျည်းပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ၊ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဒီနေရာမှာ ပေစာ၊ ပုရပိုက်စာတို့၊ ဗျည်းပြောင်းလဲပုံတို့ဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ ပေစာ၊ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။ ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရတယ်။ သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ချေ။ အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု)က ရေးခဲ့သည့် ပေများကို တွေ့နိုင်တယ်။ ဒါ့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အတွင်း ရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်တယ်ဆိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာဖြစ်တယ်။

ဒီလိုပဲ နာမ် ကိုဖြေရင် နာမ်ရဲ့ အဓိပ္ပာယ်တွေကို ဖွင့်ပြရပါမယ်။ သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်လို့ခေါ်တယ်။ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးရှိတယ်။ ပြီးတော့ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးကို အမျိုးအစားတစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးကိုလည်း အမျိုးအစားတစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။

အဲ့ဒီလို သာဓကတွေနဲ့ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာဖြစ်ပါတယ်။ မေးခွန်း ၁ (ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း (၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကိုသေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကို ရွေးချယ်၍ မည်သည့်ကြိယာဖြစ်ကြောင်း ပေးထားတဲ့ ""ရေး၊ ကျက်၊ တည်ရှိ၊ သာယာ၊ စားသောက်၊ ပူဇော်"" တို့ကို ဖြေမယ်ဆိုရင် ""ရေး""သည် ပြုခြင်းပြကြိယာ၊ ""ကျက်""သည် ဖြစ်ခြင်းပြကြိယာ၊ ""တည်ရှိ""သည် ရှိခြင်းပြကြိယာ၊ ""သာယာ""သည် ဂုဏ်ရည်ပြကြိယာ၊ ""စားသောက်""သည် ပေါင်းစပ်ကြိယာ၊ ""ပူဇော်"" သည် ပင်ကိုကြိယာဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာဖြစ်ပါတယ်။

မေးခွန်း ၁ (ဂ)ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှုရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။

""ကဲ့သို့"" ဆိုတဲ့ ဥပမာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင် ""မောင်မောင်ကဲ့သို့ မောင်လှလည်း စာတော်သည်။""လို့ ဝါကျဖွဲ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ""မောင်မောင် စာကြိုးစားသကဲ့သို့ မောင်လှလည်း စာကြိုးစားသည်"" ဆိုရင် မှားပါတယ်။ ""ကဲ့သို့"" ကို ""သကဲ့သို့"" အဖြစ် ပြောင်းလဲမရေးရပါ။ ""အတိုင်း"" ဆိုတဲ့ ဥပမာပစ္စည်းကိုလည်း ""မောင်မောင် ပြောသည့်အတိုင်း မောင်လှ လုပ်သည်။"" ဆိုရင်မှားပါတယ်။ ""အတိုင်း""ကို ""ပြော"" ကြိယာနဲ့ တွဲသုံးထားလို့ နာမ်ပစ္စည်းမဟုတ်တဲ့အတွက် မှားပါတယ်။ ""မောင်မောင်အတိုင်း မောင်လှလည်း စာကြိုးစားသည်"" ဆိုတဲ့ ဝါကျမှ မှန်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေမှန်ဖို့လိုပါတယ်။ ပုဒ်ခွဲ(ခ)နဲ့ ပုဒ်ခွဲ(ဂ) မေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါလေ့ကျင့်ခန်းတွေကို ကျေညက်နေရမှာ ဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။ ၂ (က)မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့ သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်နိုင်ပါတယ်။

သာဓကအနေနဲ့ မေးခွန်းတစ်ခု ဖြေပြပါမယ်။ ""နံ့ရှား"" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း ""ရနံ့မွှေးကြိုင်သည်"" ဆိုပြီးတော့ဖွင့်ရပါမယ်။ ""နံ့ရှား"" သည် ကြိယာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ နာမ်အနက်မဟုတ်ဘဲ နာမဝိသေသနအနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက်ပြောင်း ဖွင့်တာမျိုးတွေ မဖြစ်သင့်ပါဘူး။ ကြိယာအနက်မဖွင့်ဘဲနဲ့ ""ရနံ့မွှေးကြိုင်သော"" လို့ ဖွင့်လိုက်ရင် နာမဝိသေသနသဘော သက်ရောက်သွားပါမယ်။ ဒါကြောင့်မို့လို့ စာသုံးပေသုံးရှေးသုံး ဝေါဟာရတွေ အနက်ဖွင့်တဲ့အခါမှာ အဓိပ္ပာယ်ရှိဖို့နဲ့သဒ္ဒါမှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရပါမယ်။

မေးခွန်း ၂(ခ)မှာတော့ ယနေ့ခေတ်သုံး ဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ဆိုကြပါစို့ ""ထည်ဝါ"" ဆိုတဲ့ဝေါဟာရကိုဝါကျဖွဲ့ရင် ""မိဖုရားခေါင်ကြီးမယ်နု ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်ကျောင်းမှာ ""ထည်ဝါလှသည်"" ဆိုတဲ့ဝါကျမျိုးဖြစ်ရပါမယ်။ ""ထည်ဝါဟူသည်မှာ ခံ့ညားကြီးကျယ်သည်"" ဆိုတဲ့ဝါကျမျိုး မဖြစ်သင့်ပါဘူး။ ဒီလိုဝါကျမျိုးဆိုလို့ရှိရင် ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်နဲ့ ဝါကျဖွဲ့ပုံ မပေါ်လွင်တော့ပါဘူး။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ""ပန်းလိုမွှေးပါစေ"" ဆိုတဲ့ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

မေးခွန်း ၂(ဂ) ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝက်ဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ် ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်း ဖွဲ့ဆိုကြောင်း ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိ အလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်း ဆိုတဲ့ သက်ဆိုင်ရာ အလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အလင်္ကာတစ်ခုကို သာဓကအနေနဲ့ ဖြေဆိုပြပါမယ်။ ""မျက်နှာငွေလ"" ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်းစကားပြေတွင် ဆဒ္ဒန်ဆင်မင်းက မိမိ၏အစွယ်ကို မုဆိုးထံအပ်ပြီး သုဘဒ္ဒါမိဖုရား ဝမ်းမြောက်ပါလေတော့ဟု သောနုတ္တရမုဆိုးမှတစ်ဆင့် မှာကြားပုံနှင့်ဆက်စပ်၍ သုံးထားခြင်း ဖြစ်ပါသည်။ ကြည်လင်ရွှန်းမြ၍ စိတ်နှလုံးကြည်နူးစေတတ်သည့် မျက်နှာ(အနှိုင်းခံ)နှင့် ငွေလ(အနှိုင်း)တို့ကို ဂုဏ်ရည်တူချင်း ထပ်တူပြုဖွဲ့ဆိုထားသောကြောင့် ရူပကအလင်္ကာမြောက်ပါသည်။ လို့ဖြေရပါမယ်။ ဂုဏ်ရည်တူ နာမ်နှစ်ခုကို ထပ်တူပြု ဖွဲ့ဆိုထားတာဖြစ်တယ်။ ဒီစကားပြေမှာ ဗာရာဏသီမင်း၏ မိဖုရားသည် သုဘဒ္ဒါ အမည်သာဖြစ်တယ်။ စူဠသုဘဒ္ဒါမှာ ဆင်မဘဝက အမည်သာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများဖြစ်တယ်။ ပုဒ်ခွဲ(က) မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေမေးထားတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာပါတဲ့အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း ဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃)ပုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကို မေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

တောင်သူကြီးကဗျာမှ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ်ဆိုတဲ့ မေးခွန်းကိုဖြေတဲ့အခါမှာ တောင်သူကြီး၏ စစ်သည်ဘဝ၊ မင်းမှုထမ်းကောင်းဘဝ၊ ယာလယ်လုပ်၍ တောမှာပျော်သည့် တောင်သူကြီးဘဝ၊ စီးပွားရှာတတ်သည့် တောင်သူကြီးဘဝ၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်သည့် လူပျိုကြီးဘဝ စသည်ဖြင့် ဘဝမျိုးစုံ ကျင်လည်နေရသူဖြစ်ကြောင်း၊

စစ်သည်ဘဝတွင် ခွန်အားကြီးမားပြီး ရန်ဟူသမျှကို ချေဖျက်နိုင်သည့် စွမ်းရည်ထက်မြက်သည့် စိတ်ဓာတ်ရှိသူ၊ အရှင်သခင်၏ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်လိုသည့် မင်းမှုထမ်းကောင်း စိတ်ဓာတ်ရှိသူ၊ မိမိနိုင်ငံကာကွယ်လိုသည့် စိတ်ဓာတ်ရှိသူ၊ အရေးတော်မရှောင် ထမ်းရွက်လိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်ရှိသူ၊ တိုင်းပြည်ငြိမ်းချမ်းသည့်အခါ ယာလယ်လုပ်၍ တောမှာ ပျော်မွေ့လိုသူ၊

ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်သားငါးရှာ၊ ကိုယ်တိုင်ချက်ပြုတ်လျက် ဖော်ရွေခင်မင်စွာ စေတနာဖြင့် ကျွေးမွေးလိုသည့် စိတ်ဓာတ်ရှိသူ၊ အလုပ်မရွေးထမ်းဆောင်လိုသည့်စိတ်ဓာတ်ဖြင့် ဘဝတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုသည့် စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ဘဝနှင့်စိတ်ဓာတ်တို့ကို ကဗျာစာသား အကိုးအကားများဖြင့် ယှဉ်တွဲဖော်ပြရေးသားရမှာ ဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ် (၂)ပိုင်းလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလိုမျိုးဖြေဆိုမှသာ ဖြေဆိုပုံ စနစ်ကျပြီး ဦးတည်ချက်မှန်ကန်မှာ ဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

ဒါကြောင့် ကဗျာမေးခွန်းကို သေချာဖတ်ပါ။ အရေးအဖွဲ့ပိုင်းကို ဦးတည်မေးသလား၊ အကြောင်းအရာပိုင်းကို ဦးတည်မေးသလားဆိုတဲ့ မေးခွန်းသဘောကိုသိမှ မှန်ကန်တဲ့ အဖြေ၊ ဂုဏ်ထူးရနိုင်တဲ့ အဖြေမျိုးဖြစ်မှာပါ။ အမေးနဲ့အဖြေလွဲနေရင်တော့ အောင်မှတ်ရမှာ မဟုတ်ပါဘူး။ ကဗျာဖြေရင် အထူးသတိပြုရမယ့်အချက်ကတော့ သင့်လျော်ရာ ကဗျာစာသား အကိုးအကားများကို ထည့်သွင်းဖြေဆိုဖို့ပဲ ဖြစ်ပါတယ်။

မေးခွန်း(၄)ကိုတော့ မြန်မာစကားပြေလက်ရွေးစင်ထဲက မေးပါမယ်။ မေးခွန်း(၄)မှာ ပုဒ်ခွဲ(က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။ ပုဒ်ခွဲ(က)က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေ တစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေစာအုပ်အမည် စတဲ့စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထား ရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သာဓကပြရမယ်ဆိုရင် မိဖုရားဖွားစော၏နောက်ဆုံးရလိုသောဆုမှာ "နိဗ္ဗာန်ဆု" ဖြစ်ကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို မွန်ဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုကြောင်း၊ **သိပ္ပံမောင်ဝ၏ အမည်ရင်းမှာ "မောင်စိန်တင်" ဖြစ်ကြောင်း စတဲ့မေးခွန်းတိုအတွက် ဒီအဖြေများဟာ အမှတ်ပြည့်ရတာမို့ လေ့လာကျက်မှတ် ထားကြပါ။ ဓမ္မဓိဋ္ဌာန်ဆိုတာ အဖြေတိကျမှ အမှတ်ရတဲ့ မေးခွန်းမျိုးဖြစ်တယ်ဆိုတာကိုလည်း သတိပြုရပါမယ်။**

မေးခွန်း(၄) ပုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေ တစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာဖြစ် ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည် မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြား နားလည်ရန် လိုအပ်ပါတယ်။

သာဓကအနေနဲ့ ၄ (ခ) မေးခွန်းဖြစ်တဲ့ "မိခင်သောက" စကားပြေမှ ဥပမာအလင်္ကာအဖွဲ့များ အကြောင်းမေးခွန်းကို တင်ပြလိုပါတယ်။ ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာ ဥပမာအလင်္ကာ ဆယ်ခုရှိပြီး ဒီဥပမာအလင်္ကာ အဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦး၏သောက ပေါ်လွင်စေကြောင်း၊ ဥပမာအလင်္ကာတစ်ခုစီကို မိခင်တစ်ဦး၏ ခံစားချက်နှင့်ယှဉ်တွဲ၍ ဝေဖန်သုံးသပ်ပြရန် ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူနေရသော ယခင်အခြေအနေနှင့် သားသမီးတို့ကို မတွေ့ရသော ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန် အမူအရာပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၊

စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၏ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောက ခံစားမှုအရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦး၏ ဝေဒနာတိုး၍ ဆိုး၍ခံစားလာရပုံတို့ကို မိခင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူတို့ပါ ကူးစက်လာရပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာပုံ၊ နှုတ်မှ တတွတ်တွတ် မြည်တမ်းပုံတို့ကို စိတ်နားထဲကြားယောင်လာအောင် သရုပ်ဖော်တင်ပြရန် ဖြစ်ပါတယ်။ အမေးနဲ့အဖြေ ကိုက်ညီဖို့ အရေးကြီးပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပုဒ်ခွဲ(က)နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပုဒ်ခွဲ(က)မှာ စကားစပ် မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။

"အလှည့်သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ၊ ကံဆိုင်လို့ တကယ်၊ ချက်ကောင်းကို တွယ်မိလျှင်၊ ရေသည်မောင်မောင် လူနေလှလို့၊ ရွှေချသလို ပြောင်လိမ့်မယ်။" ဆိုတဲ့ စာသားကို စကားစပ်အနေနဲ့ဖြေမယ်ဆိုရင်

စာသားဟာ ဦးပုညရဲ့ ရေသည်ပြဇာတ် အခန်း(၁) သို့တည်းမဟုတ် ရေသည်ယောကျ်ား စကားဆိုခန်း အဲဒီအခန်းထဲက ထုတ်နုတ်တဲ့စာပိုဒ်ဖြစ်ကြောင်း ပြောပြရပါမယ်။ ပြီးတော့စာပိုဒ်ကို ရေသည်ယောကျ်ားက ရေရောင်းထွက်လာတဲ့အချိန် ဗာရာဏသီမြို့ မြောက်မျက်နှာအရပ်မှ ပင်ပန်းဆင်းရဲလှတဲ့ မိမိရဲ့ဘဝကို အားတင်း လိုခြင်းနဲ့ဆက်စပ်ပြီး တစ်ကိုယ်တည်း ပြောဆိုသောစကားဖြစ်သည်လို့ ဖြေရမှာဖြစ်ပါတယ်။ ဒီအဖြေမှာ မည်သည့်အခန်း၊ မည်သူက၊ မည်သူ့ကို၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းနဲ့စပ်လျဉ်းပြီး မည်သို့ပြောတယ်ဆိုတဲ့ စကားစပ်ရဲ့ အချက်(၆)ချက်စလုံး ပါဝင်တာကိုတွေ့ရပါမယ်။ စကားစပ်(၆)ချက်ကို ပြည့်စုံအောင် ဖြေနိုင်ရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့်အချက်အလက်တွေရှိပါတယ်။ အဲဒါကတော့ မည်သည့် အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁) အခန်း(၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည် ယောကျ်ားစကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းနောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံး တွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာ နောက်ထပ်သတိပြုရမယ့်အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆို တဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကို ဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသောစကားဖြစ်သည်လို့ဖြေရင် လုံလောက်ပါတယ်။ အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောကျ်ား နေပူထဲ ပြေးလွှားနေတာကို ဥဒယမင်းကြီး ရွှေမှန်ပြောင်းနဲ့ကြည့်တဲ့ အချိန်ဟာ မွန်းတည့်ချိန်ဖြစ်တယ်။ ရေသည်ပြဇာတ်မှာ မွန်းတည့်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျ မဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ်ပြောရမှာဖြစ်တယ်။ ဥပမာ- ရေသည်ယောကျ်ားအိမ်ရှေ့မင်းနှင့် ဥဒယမင်းကြီး ဥယျာဉ်ကစားထွက်ချိန်၊ အိမ်ရှေ့မင်း တောထွက်ရန် ခွင့်ပန်ချိန် စသဖြင့် ပြောရမှာဖြစ်တယ်။ နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့ စာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ ဆိုကြပါစို့ "အလှည့်သင့် ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ" ဟု ဆိုတာမျိုး ဖြေလို့မရပါဘူး။ အဲဒီလို မူရင်းစာကို သည်တွေ၊ ၏တွေထည့်ပြီး ဖြေဆိုတာမျိုးလည်း မဖြစ်သင့်ပါဘူး။ "ရေသည်ယောကျ်ားသည် အလှည့်သင့် ချက်ပိုင်သည်။ ကြက်ကန်းခွပ်လို့ ပွဲကျွတ်အောင်နိုင်သေးသည်။ ကံဆိုင်လို့ တကယ်ချက်ကောင်းကို တွယ်မိသည်။" စသည်ဖြင့် သည်တွေ၊ ၏တွေ ထည့်ပြီး ဖြေတာမျိုးဟာ ဆိုလိုရင်းအဓိပ္ပာယ်ကို မသက်ရောက် ပါဘူး။ အဲဒီလိုပဲ မပါတဲ့အချက်တွေ ပေးထားသောစာပိုဒ်မှာ ထည့်သွင်းဖော်ပြထားခြင်းမရှိတဲ့အချက်တွေကို ထည့်ပြီးတော့ မရေးရပါဘူး။ ဆိုကြပါစို့ "ရေသည်မောင်မောင်သည်ရွှေချသလိုပြောင်လိမ့်မည်။" "ယခုအခါ မှာတော့ ရေချိုနှင့်ဆန်လဲရအောင် ရေချိုရောင်းထွက်တော့မည်။" စသည်ဖြင့် မပါတဲ့စကားကိုဆက်ပြီး ထည့်ရေး တာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည် ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်လည်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာ ဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) က ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမဆင်းရဲပုံ

(၂) က- ရေသည်ယောကျ်ား ငွေလေးရွေးတပ်မက်ပုံ

(၃) က- ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ

(၄) က- အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့

(၅) က- တောထွက်ရန်ပြောဆိုပုံ တို့ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းအဖြစ်အပျက် (၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီး ဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာမေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကို ထည့်ပြီး မရေး ရပါဘူး။ ဒါပေမယ့် ရေသည်ပြဇာတ်စာဆို ဦးပုညရဲ့ သူသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသား တင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင် စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။

ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်ဆိုပြီး ပြဇာတ်စာသားအကိုးအကား ထည့်မယ် ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းတစ်ခုကိုဖြေဆိုပြပါမယ်။ ဆိုကြပါစို့။ ရေသည်မိန်းမရဲ့ ရုပ်အသွင်အပြင်၊ အပြင်အဆင်နဲ့ဘဝအခြေအနေ (၃)ပိုင်းမေးထားတဲ့ အတွက် (၃)ပိုင်းစလုံးပါအောင် ဖြေတတ်ရ ပါမယ်။ မူရာတော်နွဲ့နှောင်းနဲ့ ရေရောင်းတဲ့ ရုပ်အသွင်၊ ရေအိုးကို ခေါင်းမှာ ရွက်ပြီး ရေရောင်းထွက်တဲ့ရုပ်သွင်၊ တမာသီးလောက် ဆံထုံးလေးထုံးထားတဲ့ရုပ်သွင်၊ အစပ်တစ်ရာ အဖာဗရပျစ်နဲ့ ညစ်နေတဲ့ထမီကို ဝတ်ဆင်ရတဲ့ အဆင်အပြင်၊ အစားအသောက်အနေအထိုင် အလွန်ဆင်းရဲတဲ့ ဘဝအခြေအနေ၊ နှစ်သက်လောက်သူမတွေ့၍ အပျိုကြီးလုပ်ကာ မိမိငွေလေးရွေးအတွက် ကြိတ်ပူနေရတဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။ ရေသည်မိန်းမ ဆင်းရဲပုံအကြောင်းလောက်ပဲဖြေရင် မပြည့်စုံပါဘူး၊ ဂုဏ်ထူးမှတ်ရချင်ရင် မေးတဲ့အချက် အကုန်ပါအောင်ဖြေတတ်ဖို့ အလွန်အရေးကြီးလှပါတယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာ မေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်း အချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

(က) ရိုးရာပွဲတော် တို့နွဲပျော်

(ခ) နှုတ်ချို သျှိုတစ်ပါး

(ဂ) လူငယ်နှင့်မူးယစ်ဆေးဝါး ဆိုပြီးတော့ ၃-ပုဒ်ပေးထားပါတယ်။

အဲဒီ ၃-ပုဒ်ထဲက ၁-ပုဒ်ကို သာဓကအနေနဲ့ ဖြေဆိုကြည့်ရအောင်။

"ရိုးရာပွဲတော် တို့နွဲပျော်"

ဒီစာစီစာကုံးရဲ့ ခေါင်းစဉ်ရဲ့အောက်မှာ ပုံကြမ်းအချက်အလက်တွေပါ ပါတယ်။ ပထမအချက်က မြန်မာတို့၌ ရိုးရာပွဲတော်များရှိပုံ၊ ပါဝင်ဆင်နွှဲကြပုံ၊ ဒုတိယအချက်က ပါဝင်ဆင်နွှဲသူတို့၏ လှုပ်ရှားမှုပုံရိပ်များ၊ ပျော်ရွှင်ကြပုံ၊ တတိယအချက်က ပွဲတော်ကို အရုပ်ဆိုးအကျည်းမတန်အောင် ထိန်းသိမ်းသင့်ပုံ၊ စတုတ္ထအချက်က အနှစ်သာရရှိရှိ ကျင်းပဆင်နွှဲသင့်ပုံ စသည်တို့ဖြစ်တယ်။

စာစီစာကုံးရေးတဲ့အခါမှာ ကျောင်းသူ ကျောင်းသားများဟာ ပေးထားတဲ့ပုံကြမ်းကို အခြေခံပြီး နိဒါန်း၊ စာကိုယ်၊ နိဂုံး အချိတ်အဆက်မိအောင် ပုံကြမ်းအချက်အလက်တွေကို တစ်ချက်ချင်း အကျယ်ချဲ့ရေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုပြောတဲ့အတွက်ကြောင့်မို့လို့ ပုံကြမ်းအပြင် တခြားအချက်တွေထည့်ပြီး မရေးရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ တခြားအချက်တွေရှိရင်လည်း ထည့်သွင်းပြီးတော့ ရေးနိုင် ပါတယ်။ နှုတ်ပြောစကားနဲ့ရေးရင် အောင်မှတ်မရနိုင်ဘူးဆိုတာ သတိပြုသင့်တယ်။ ပုံကြမ်းအချက်အလက် တွေရယ်၊ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ ကိုယ်ပိုင်အချက်အလက်တွေရယ်ကို အသုံးပြုပြီး ရှင်းရှင်းလင်းလင်း ပြေပြေ ပြစ်ပြစ်ရေးနိုင်ဖို့ပဲ လိုအပ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များကိုလည်း ထည့်သွင်းပြီးရေးလို့ရပါတယ်။ ခေါင်းစဉ်နဲ့ ဆီလျော်တဲ့ အတွေးအခေါ် အတင်အပြမျိုးဖြစ်ပြီး အရေးအသားလည်း ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ရေးမယ်ဆိုလို့ရှိရင် အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

စာစီစာကုံးကတော့ ပုံကြမ်းအတိုင်း လိုက်ရေးနိုင်ရင်ပဲ အောင်မှတ်ရနိုင်တဲ့အတွက်ကြောင့်မို့လို့ စာစီ စာကုံးသည် ခေါင်းစဉ်နဲ့ဘောင်ဝင်တဲ့ စာစီစာကုံးဖြစ်နေမှာ သေချာပါတယ်။ ဒါပေမယ်လို့ စာစီစာကုံးကောင်း တစ်ပုဒ်ရေးနိုင်ဖို့အတွက်ကတော့ ကြိုတင်လေ့ကျင့်ရေးသားခြင်းတော့ ရှိရပါမယ်။ သူများရေးထားတာတွေကို ကျက်မဖြေသင့်ပါဘူး။ စာစီစာကုံးဖြေရာမှာ မိမိတစ်ဦးတည်းရဲ့အကြောင်းကို ရေးရန်မဟုတ်။ သဘောတရားကို ရေးရန်ဖြစ်တယ်။ ဥပမာ- မိဘကျေးဇူးအကြောင်းရေးရင် မိမိတစ်ဦးတည်းရဲ့ မိဘအကြောင်းမဟုတ်ဘဲ လူများအားလုံးရဲ့ မိဘများရဲ့ သဘောတရားကို ရေးရမှာ ဖြစ်တယ်။ လူငယ်နှင့်မူးယစ်ဆေးဝါးဆိုရင်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် လူငယ်များပျက်စီးရပုံ၊ လူငယ်အများနဲ့ဆိုင်တဲ့ သဘောတရားကို ရေးရမှာ ဖြစ်တယ်။ စာစီစာကုံးရေးတဲ့အခါ ခေါင်းစဉ်ကို မှန်အောင်ရေးဖို့ သတိပေးလိုတယ်။ "နှုတ်ချို သျှိုတစ်ပါး" ခေါင်းစဉ်ကို နှုတ်ချို "လျှို"တစ်ပါး လို့ရေးကြတယ်။ ခေါင်းစဉ်မှားရင် ဒီအပုဒ်အတွက် အောင်မှတ်ရမှာ မဟုတ်တဲ့အပြင် ဂုဏ်ထူးမှတ်နဲ့ လွဲရလိမ့်မယ်။ စာစီစာကုံးဟာ ကျောင်းသားများရဲ့ မြန်မာစာ ပင်ကိုစွမ်းရည်ကို အကဲဖြတ်ခြင်းဖြစ်တဲ့အပြင် အမှတ်အများဆုံးရတဲ့အတွက် ဂုဏ်ထူးရအောင် အထူးလေ့ကျင့်ကြိုးစားကြပါ။

အားလုံးကိုခြုံပြောရရင် မြန်မာစာဘာသာရပ်ကို ဖြေဆိုတဲ့အခါ စာလုံးပေါင်းသတ်ပုံ မှန်ရမယ်။ ဖျက်ရာခြစ်ရာတွေနဲ့ ရှုပ်ပွနေမှုကင်းရမယ်။ နည်းရမယ်။ လက်ရေးလက်သား လှပသေသပ်ရမယ်။ မေးခွန်းနဲ့ အဖြေ လွဲမှားမှုမရှိအောင် ဂရုစိုက်ရမယ်။ ဖြေပြီးတဲ့ မိမိအဖြေလွှာကို ပြန်စစ်ကြည့်ရမယ်။ စာရွက်အပိုတွေ အပြည့်အစုံပါမပါ၊ အစီအစဉ်ကျမကျ ပြန်စစ်ဆေးဖို့ အထူးလိုအပ်ပါတယ်။ အခုဆွေးနွေးခဲ့တဲ့ အချက်တွေဟာ မြန်မာစာကို ကျက်မှတ်လေ့လာဖြေဆိုရာမှာ ကောင်းစွာအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

မြန်မာစာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ ကောင်းမွန်မှန်ကန်စွာ ဖြေဆို နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အထက်လွှတ်တော် အမတ်များဖြစ်ကြသော Mr. John Sidney McCain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အထက်လွှတ်တော်အမတ်များဖြစ်ကြသော Mr. John Sidney McCain၊ Mr. Joseph Isadore Lieberman၊ Mr. Sheldon Whitehouse နှင့် Mrs. Kelly Ann Ayotte တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန်အထက်လွှတ်တော်အမတ်များ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရေးဆိုင်ရာကဏ္ဍများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ငယ်ရွယ်ချိန်မှစတင်၍ အသက်ထက်ဆုံး စာရိတ္တကောင်းမွန်ခိုင်မာအောင် ကျင့်ကြံနေထိုင်

သင်ကြားတတ်မြောက်သည့် သင်ခန်းစာများအပေါ် ဆင့်ပွားတီထွင်၍ သညာအဆင့်မှ ပညာအဆင့်တက်လှမ်းနိုင်အောင် ကြိုးပမ်း

စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းစဉ်များသည် အမျိုးသားရေးတာဝန်ဖြစ်၍ ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းအားပေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

အနာဂတ်နိုင်ငံတော်၏ အင်အားများဖြစ်သည့် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်၏ အကျိုးကျေးဇူးများကို သိရှိလာစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်းကျင်းပခဲ့သည့် ဗိုလ်တထောင်မြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်တထောင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ၊

စာမျက်နှာ ၈ ကော်လံ ၁ ❒

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ အထက (၄) ဗိုလ်တထောင်မှ မဖြူလွဲ့ကိုကိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အမေရိကန်က ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင် စာ-၄

ဂျပန်ရုပ်ရှင်မင်းသမီး ဆူဇူကီ၏ အနုပညာကောက်ကြောင်း စာ-၇

ပြည်တွင်းနိုင်ငံခြားဝင်ငွေခွန် ပေးဆောင်ရသူများ ၂ ရာခိုင်နှုန်းပေးဆောင်ကာလ ကုန်ဆုံးတော့မည် စာ-၇

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။